# မြန်မာ ဆန္ဒထုတ်ဖော်သူများ လက်စွဲ

# MYANMAR PROTESTERS' TOOLKIT

FREE EXPRESSION MYANMAR
လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ

ဆန္ဒထုတ်ဖော်မှုဆိုင်ရာ နိုင်ငံတကာဥပဒေ

မြန်မာနိုင်ငံတွင် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်

ထိန်းသိမ်းဖမ်းဆီးခံရချိန်တွင် သင်၏ရပိုင်ခွင့်များ

ပြစ်မှု စွဲချက်တင်ရာတွင် သတ်မှတ်ချက်စံနှုန်းများ

စွဲချက်တင်ချိန်နှင့် အမှုကြားနာစစ်ဆေးစဉ် ကာလအတွင်း
သင်၏ရပိုင်ခွင့်များ

သင့်ရှေ့နေ၏ ရပိုင်ခွင့်များ

ဥပဒေအရ ကာကွယ်ခုခံမှုဆိုင်ရာ မဟာဗျူဟာများ

FEM မိတ်ဆက်

**International law on protest**

**Right to protest in Myanmar**

**Your rights when detained and arrested**

**Charging standards**

**Your rights when charged and in trial**

**Your lawyer's rights**

**Legal defence strategies**

**About FEM**




တောင်ကြီး

FREE EXPRESSION MYANMAR
လွတ်လပ်သော
ထုတ်ဖော်ပြောဆိုခြင်း
မြန်မာ

## မြန်မာ့ ဆန္ဒထုတ်ဖော်သူများ လက်စွဲ

၂၀၂၀ ခုနှစ်သည် မြန်မာနိုင်ငံ ခေတ်သစ်သမိုင်းတွင် ပထမဆုံး အရေးကြီးသော ဆန္ဒထုတ်ဖော်မှုများ ဖြစ်ပေါ်သည့် နှစ်တစ်ရာ အထိမ်းအမှတ် အခါသမယ ဖြစ်ပါသည်။ ၁၉၂၀ ခုနှစ်တွင် လွတ်လပ်ရေးဆိုင်ရာ ဆန္ဒထုတ်ဖော်မှုများ လုပ်ဆောင်စဉ်ကတည်းက ဒီမိုကရေစီအတွက် မြန်မာနိုင်ငံ၏ ရုန်းကန်လှုပ်ရှားမှုတွင် ဆန္ဒထုတ်ဖော်ခွင့်ကို ကျင့်သုံးလုပ်ဆောင်မှုသည် အဓိကကျ လျက်ရှိသည်။

"မြန်မာ့ ဆန္ဒထုတ်ဖော်သူများ လက်စွဲ"စာအုပ်တွင် ပြည်သူများ ၎င်းတို့၏ ဆန္ဒထုတ်ဖော်ခွင့်ကို လွတ်လပ်စွာ ကျင့်သုံး နိုင်ရန်အတွက် လိုအပ်သောဗဟုသုတများကို ဖော်ပြထားသည်။ ဤလက်စွဲစာအုပ်တွင် (၁) သက်ဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်းဥပဒေများ (၂) မြန်မာနိုင်ငံတွင်း ဖြစ်ပေါ်နေသည့် လားရာလမ်းကြောင်းများ (၃) ထိန်းသိမ်း၊ ဖမ်းဆီး၊ စွဲချက်တင် ခံရသည့်အချိန်များတွင် သင်၏ ရပိုင်ခွင့်များနှင့် ရွေးချယ်ခွင့်များ စသည်တို့နှင့် ပတ်သက်သော လမ်းညွှန်ချက်များကိုလည်း ထည့်သွင်းရေးသားထားသည်။ စာဖတ်သူအနေဖြင့် နောက်ထပ်သုတေသန ပြုလုပ်လိုပါက ပြုလုပ်နိုင်ရန်နှင့် မတူညီသော စာဖတ်ပရိသတ် အမျိုးမျိုးနှင့် ထိတွေ့ချိတ်ဆက်နိုင်စေရန်အလို့ငှာ မြန်မာဘာသာဖြင့်ရေးထားသည့် စာမျက်နှာတစ်ရွက်စီတိုင်း၏ နောက်တွင် အင်္ဂလိပ် ဘာသာဖြင့် ထပ်မံဖော်ပြပေးထားသည်။

## Myanmar Protesters’ Toolkit

2020 marks the hundred-year anniversary of the first major protests in Myanmar’s modern history. Exercising the right to protest has been fundamental to Myanmar’s struggle for democracy since the independence protests in 1920.

The *Myanmar Protesters’ Toolkit* empowers people with the knowledge necessary to freely exercise their right to protest.

The *Toolkit* includes guidance on: 1) relevant international and national laws; 2) trends in Myanmar; 3) your rights and options when detained, arrested, or charged.

Each page is written in Myanma but repeated in English to enable you to research further and communicate with different audiences too.

# ဆန္ဒထုတ်ဖော်မှုဆိုင်ရာ နိုင်ငံတကာဥပဒေ

# International law on protest



၃၅၄(က)
၃၅၄(ခ)
နိုင်ငံတော်လုံခြုံရေး
အမျိုးသားစည်းလုံးညီညွတ်ရေး
ရပ်ရွာတည်ငြိမ်အေးချမ်းရေး
FREE EXPRESSION MYANMAR
လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ

နိုင်ငံတကာ ဥပဒေသည် သီးသန့် ဆန္ဒထုတ်ဖော်ခွင့်ကို မရည်ညွှန်းပါ။ ထိုအစား ဆန္ဒထုတ်ဖော်ခွင့်သည် ပင်မ လူ့အခွင့်အရေး နှစ်ခုဖြစ်သော လွတ်လပ်စွာ ထုတ်ဖော်ရေးသားပြောဆိုခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့် တို့ ပေါင်းစည်းမှုမှ တစ်ဆင့် ဆင်းသက်လာခြင်း ဖြစ်သည်။ ဆန္ဒထုတ်ဖော်ခွင့်နှင့် သက်ဆိုင်သော အခြားလူ့အခွင့်အရေးများတွင် သပိတ်မှောက်ခွင့်နှင့် နိုင်ငံရေးရာများနှင့် ယဉ်ကျေးမှုဆိုင်ရာလူမှုဘဝများတွင် ပါဝင်ဆင်နွှဲခွင့်တို့ ပါဝင်သည်။

---

"လူတိုင်းသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်လွတ်လပ်သော သဘောထားအမြင်များ ရှုမြင်နိုင်ခွင့် ရှိသည်။ ဤအခွင့်အရေးတွင်လူတိုင်းသည် အနှောင့်အယှက် အဟန့်အတားမရှိစေဘဲ လွတ်လပ်သော သဘောထား အမြင်များထားရှိနိုင်ပြီး၊ သတင်းအချက်အလက်များနှင့် သဘောထား အမြင်များအား မည်သည့်မီဒီယာကိုမဆို အသုံးပြုကာ ၊ နယ်စည်းမခြားဘဲ ရှာဖွေခွင့် ၊ ရယူခွင့် ၊ လက်ဆင့်ကမ်း ဖြန့်ချီခွင့်တို့လည်း ပါဝင်ပေသည်။"

- အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း၊ ပုဒ်မ (၁၉)

"လူတိုင်း ငြိမ်းချမ်းသောနည်းဖြင့် လွတ်လပ်စွာစုဝေးခွင့် နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့် ရှိသည်။"

- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၊ အပိုဒ် ၂၀(၁)

---

International law does not refer to a specific right to protest. Instead the right to protest is derived from a combination of two main human rights: the right to freedom of expression and the right to freedom of assembly and association. Other human rights relevant to protest include the right to strike, and the rights to participate in political affairs and cultural life.

> "Everyone has the right to freedom of opinion and expression; this right includes freedom to hold opinions without interference and to seek, receive and impart information and ideas through any media and regardless of frontiers."
>
> \- Article 19, UDHR

> "Everyone has the right to freedom of peaceful assembly and association."
>
> \- Article 20(1), UDHR

နိုင်ငံတကာဥပဒေအရ နိုင်ငံ့အစိုးရများ အားလုံးသည် အဆိုပါ အခွင့်အရေးများ အားလုံးကို လေးစားရန်၊ ကာကွယ်ရန် နှင့် ဖြည့်ဆည်းပေးရန် တာဝန်ရှိသည်။ "လေးစားရန်" ဆိုသည်မှာ နိုင်ငံအစိုးရများသည် ဆန္ဒထုတ်ဖော်မှုများကို ဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် ဝင်ရောက်ဟန့်တားခြင်းတို့ကို ရှောင်ရှားရမည်။ "ကာကွယ်ရန်" ဆိုသည်မှာ နိုင်ငံအစိုးရများသည် ဆန္ဒထုတ်ဖော်သူများကို အကာအကွယ် ပေးရမည်။ "ဖြည့်ဆည်းရန်" ဆိုသည်မှာ နိုင်ငံအစိုးရများသည် ဆန္ဒထုတ်ဖော်မှုများကို အဆင်ပြေအောင် ကူညီပံ့ပိုးရန် အပြုသဘောဆောင်သော အရေးယူ လုပ်ဆောင်မှု ရှိရမည်။

ကုလသမဂ္ဂနှင့် အခြားသော နိုင်ငံတကာ အဖွဲ့အစည်းများက နိုင်ငံ့အစိုးရများသည် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းပေးနိုင်ရန် မည်သည်တို့ကို လုပ်ဆောင်သင့်ကြောင်း စံအမှတ်တစ်ရပ်ဖြင့် နိုင်ငံတကာ စံနှုန်းများကို ချမှတ်ထားပါသည်။ နိုင်ငံတကာ စံနှုန်းများမှာရှင်းလင်းသည်။ ဆန္ဒပြသူများအနေဖြင့် ခွင့်ပြုချက်တောင်းခံရန်မလိုအပ်ချေ။ ဆန္ဒပြမှုများကို အမြဲခွင့်ပြုရမည်ဖြစ်ပြီး၊ သိသာထင်ရှားသော အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုများ အမှန်တကယ်နှင့် ချက်ချင်းဖြစ်ပေါ် နိုင်ချေရှိသည့် ခြိမ်းခြောက်မှုများအတွက်သာ ဆန္ဒပြမှုများကို ရပ်တန့်သင့်သည်။

International law places a responsibility upon all States to respect, protect, and fulfil these rights. “Respect” means States must refrain from interfering with or curtailing protests. “Protect” means States must protect protesters. “Fulfil” means States must take positive action to facilitate protests.

The UN and other international bodies have developed international standards to provide a benchmark for what States should do in order to fulfil their obligations. International standards are clear: protesters do not need permission, protests should always be allowed, and protests should only be stopped if there is significant violence or a real and immediate threat of significant violence.

## နိုင်ငံတကာစံနှုန်းများအရ ဆန္ဒထုတ်ဖော်မှုကို အောက်ပါအတိုင်း အဓိပ္ပါယ်သတ်မှတ်သည်-

- မည်သည့် ပရိုတ်သတ်ကို မဆို ရည်ရွယ်ကာ မည်သည့်နေရာတွင် ဖြစ်စေ စီမံဆောင်ရွက်သော လူတစ်ဦးချင်းသော်လည်းကောင်း အများနှင့် စုပေါင်း၍သော်လည်းကောင်း လုပ်ဆောင်မှုများ
- ခေါင်းဆောင်များနှင့် စုဝေးလုပ်ဆောင်မှု သို့မဟုတ် ခေါင်းဆောင်များ မပါဘဲ ချက်ချင်း စုဝေးလုပ်ဆောင်မှု။
- နှုတ်ထွက်စကားလုံးများ၊ နဖူးစည်း စာတမ်းများ၊ လက်ကမ်း စာစောင်များ သို့မဟုတ်၊ ပြသနာရုပ်များ သို့မဟုတ် အမှုကိစ္စများနှင့် ပတ်သက်ပြီး အခြားသော ဆက်သွယ်ရေးနည်းလမ်းများဖြင့် လုပ်ဆောင်မှုများ ပါဝင်သည်။

- လူ့အချို့ကို ဒေါသထွက်နိုင်စေခြင်း သို့မဟုတ် တုန်လှုပ်သွားစေခြင်း သို့မဟုတ်၊ လူ့အချို့ကို ယာယီ အနှောင့်အယှက်ပေးခြင်း၊ အစီအစဉ်မကျဖြစ်စေခြင်း သို့မဟုတ် အတားအဆီးဖြစ်စေခြင်း

- အကြမ်းမဖက်ပါ။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းက “ငြိမ်းချမ်းသော စုဝေးခြင်း” ဟု ဆိုသည်။ သို့သော် “ငြိမ်းချမ်းသော” ဟူသော စကားရပ်သည် အများအားဖြင့် အဓိပ္ပါယ် မရှင်းလင်းဘဲ ဆန္ဒထုတ်ဖော်မှုများတွင် ဟစ်ကြွေးခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားမှု ပါဝင်သောကြောင့် ယင်းကို အကြမ်းမဖက်ခြင်းဟု သတ်မှတ်ထားပြီး ဖြစ်သည်။

## International standards define protest as:

- Both individual or collective acts conducted anywhere and targeting any audience.
- Organised with leaders, or spontaneous without leaders.
- Containing verbal words, banners, pamphlets, or other forms of communication on any issue or cause.
- Potentially shocking or annoying to some people, or temporarily disturbing, disruptive, or obstructive to some people.
- Non-violent. The UDHR says "peaceful assembly" but this has since been defined as non-violent because the term "peaceful" is fairly vague and protests involve shouting and physical action.

နိုင်ငံတကာ စံနှုန်းအရ ဆန္ဒထုတ်ဖော်သူများသည် ၄င်းတို့ ဆန္ဒထုတ်ဖော်မှုလုပ်ရာတွင် ပြဿနာရပ်၊ အကြောင်းရင်း၊ ပုံစံ၊ အပြုအမူ နှင့် တည်နေရာကို ရွေးချယ်နိုင်သည်ဟု ပြဌာန်းထားသည်။ ထိုသို့ လုပ်ဆောင်နိုင်ရန် လက်တွေ့တွင် ဖြစ်စေ၊ ဥပဒေအရဖြစ်စေ ခွင့်ပြုမိန့် မလိုအပ်ပါ။ အသိပေးအကြောင်းကြားခြင်း စနစ်မှန်သမျှသည် လွယ်ကူရိုးရှင်းပြီး သဘောဆန္ဒအလျောက် ဖြစ်ရမည်။

နိုင်ငံတကာ စံနှုန်းများအရ နိုင်ငံ့အစိုးရများ၏ အခြေခံ တာဝန်မှာ ဆန္ဒထုတ်ဖော်မှုများကို အဆင်ပြေအောင် ကူညီပံ့ပိုးရန်ဖြစ်ပြီး _ ထိန်းချုပ်ရန် မဟုတ်_ ဟုဆိုသည်။ ဆန္ဒထုတ်ဖော်မှုများကို ရဲအင်အားသုံး ဖြေရှင်းနည်းမှန်သမျှသည် ဥပဒေနှင့်အညီ ဖြစ်သင့်ပြီး လိုအပ်မှ လုပ်ဆောင်ခြင်းနှင့် အချိုးသင့်တင့်မျှတခြင်း ရှိရမည်။ လူစုခွဲခိုင်းခြင်းများသည် ချွင်းချက်အနေဖြင့်သာ ရှိရမည်ဖြစ်ပြီး အကြမ်းဖက်မှုများ ရုတ်ချည်းဖြစ်ပေါ်လာစေရန် ရုတ်ချည်း ခြိမ်းခြောက်လာသည့်အခါမှသာ သုံးရမည်။ အသိပေးအကြောင်းကြားမှုဆိုင်ရာ သတ်မှတ်ချက်များကို မလုပ်ဆောင်ရုံဖြင့် လူစုခွဲခိုင်းရန် မည်သည့်အခါမှ မဆုံးဖြတ်ရ။ အကြမ်းဖက်မှုဆိုင်ရာ အဖြစ်အပျက်များ ရှိလာလျှင် နိုင်ငံ့အစိုးရများ၏ တာဝန်မှာ ထိုအကြမ်းဖက်သည့် တစ်ဦးချင်းစီကို ခွဲထုတ်ရန်ဖြစ်ပြီး လူအုပ်စုကို ခွဲထုတ်ရန် မဟုတ်ပါ၊ အင်အားသုံးဖြေရှင်းမှုသည် နောက်ဆုံးအနေအဖြစ် မတတ်သာသည့် အခါမျိုးမှသာ ဆောင်ရွက်ရမည်။

International standards stipulate that protesters can choose the issue, cause, form, manner, and location of their protests, and they do not need permission in law or in practice to do so. Any notification system must be simple and voluntary.

International standards say that the State's primary responsibility is to facilitate – not control – protests. Any policing of protests should be based in law, and be necessary and proportionate. Dispersal orders should be exceptional, only made when there is an imminent threat of violence, and never justified by non-conformity to notification requirements. If there are isolated acts of violence, the State's responsibility is to disperse the individual not the group, and any use of force should be only of last resort.

# မြန်မာနိုင်ငံရှိ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်

# Right to protest in Myanmar


ကူညီပါရစေ
MAY I HELP YOU
ခွင့်ပြု
မိန့်
FREE EXPRESSION MYANMAR
လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ

## သင်သည် မြန်မာနိုင်ငံတွင် ဆန္ဒပြခွင့်ရှိသည်။

ဆန္ဒပြခွင့်တွင် အောက်ပါ အခွင့်အရေးများလည်း ပါဝင်သည် -

- လွတ်လပ်ခွင့်နှင့် တရားမျှတမှု ရပိုင်ခွင့် (ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၆(င))
- လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် (ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၃၅၄(က))
- လွတ်လပ်စွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် (ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၃၅၄(ခ)။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ၊ ပုဒ်မ ၃(က))
- မိမိ၏ အနုပညာနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်အောင် ပျိုးထောင်ပိုင်ခွင့် (ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၃၆၅)
- လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာခွင့် (ပြစ်မှုဆိုင်ရာဥပဒေ၊ ပုဒ်မ ၃၃၉)
- ဆန္ဒထုတ်ဖော်ရာတွင် ဥပဒေ၏အကာအကွယ် ရပိုင်ခွင့် (ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်း လှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ၊ ပုဒ်မ ၃(က))

ဤ အခွင့်အရေးများ ရှိနေသည့်ကြားက မြန်မာနိုင်ငံတွင် ဆန္ဒထုတ်ဖော်သူများသည် ဝိရောဓိဖြစ်စေသည့် ဥပဒေအမျိုးမျိုး ကြောင့် ရာဇဝတ်မှုကျူးလွန်သူအဖြစ် တရားစွဲဆိုခံနေကြရသည်။ ထိုဥပဒေများကို အောက်ပါဇယား၌ စာရင်းပြုစု ဖော်ပြ ထားသည်။

## You have the right to protest in Myanmar

This includes:

- Right to liberty and justice (Constitution, Art. 6(e)).
- Right to freedom of expression (Constitution, Art. 354(a)).
- Right to assemble and to hold a procession (Constitution, Art. 354(b); Peaceful Assembly and Peaceful Procession Law, Art 3(a)).
- Right to develop your arts and culture (Constitution, Art. 365).
- Right to movement (Penal Code, Art. 339).
- Right to legal protection for your protesting (Peaceful Assembly and Peaceful Procession Law, Art 3(a)).

Despite these rights, protesters in Myanmar are criminalised by multiple and often conflicting laws. These are listed in the below table.

## မြန်မာနိုင်ငံမှ ဆန္ဒထုတ်ဖော်သူများကို တရားစွဲဆိုရာတွင် အသုံးပြုနေသော ရာဇဝတ်မှုဆိုင်ရာ ဥပဒေပုဒ်မများ

### ပုဒ်မ ဖော်ပြချက်/ အရေးယူမှု

| | |
|---|---|
| ပြစ်မှုဆိုင်ရာဥပဒေ၊ ရာဇသတ်ကြီး | |
| ၁၁၄ | ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီမှု။ ထောင်ဒဏ် ၇ နှစ်အထိ နှင့်ငွေဒဏ် |
| ၃၃၃ | ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရားဆောင်ရွက်နေသော ပြည်သူ့ဝန်ထမ်းဖြစ်သူကို တာဝန်ဝတ္တရားဆောင်ရွက်ခြင်းမှ တားဆီးရန် မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှု။ ထောင်ဒဏ် ၁၀ နှစ်အထိ နှင့်ငွေဒဏ် |
| ၃၅၃ | ပြည်သူ့ဝန်ထမ်းဖြစ်သူ တာဝန်ဝတ္တရားထမ်းဆောင်နေခြင်းကို အနှောင့်အယှက်ပြု ဟန့်တားရန် ယင်းဝန်ထမ်းအား စော်ကားခြင်း သို့မဟုတ် ရာဇဝတ်မှုကျူးလွန်ခြင်း။ ထောင်ဒဏ် ၂ နှစ်အထိ နှင့်ငွေဒဏ် |
| ၄၁၉ | တပါးသူအယောင်ဆောင်၍ လိမ်လည်ခြင်းအတွက် ပြစ်ဒဏ်။ ထောင်ဒဏ် ၃ နှစ်အထိ နှင့်ငွေဒဏ် |
| ၄၂၀ | ပိုင်ဆိုင်မှုပစ္စည်းတခုခု လွှဲပြောင်းရာတွင် လိမ်လည်ခြင်း အပါအဝင် အခြားလိမ်လည်မှုနှင့် မရိုးသားမှု။ ထောင်ဒဏ် ၇ နှစ်အထိ နှင့်ငွေဒဏ် |

## Criminal laws used against protesters in Myanmar

| Art. | Description / Sanction |
|---|---|
| **Penal Code** | |
| 114 | Abetment / Up to 7 years imprisonment + fine. |
| 333 | Voluntarily causing hurt to deter a public servant from his duty / Up to 10 years imprisonment plus a fine. |
| 353 | Assault or criminal force to deter a public servant from discharge of his duty / Up to 2 years imprisonment plus a fine. |
| 419 | Punishment for cheating by impersonation / Up to 3 years imprisonment + fine. |
| 420 | Cheating and dishonesty inducing delivery of a property / Up to 7 years imprisonment plus a fine. |

| | |
|---|---|
| ၄၂၇ | အကျိုးဖျက်ဆီးမှုကို ကျူးလွန်ခြင်းအားဖြင့် သူတပါးပျက်ဆီးထိခိုက်နစ်နာမှုကို ဖြစ်စေခြင်း။ ထောင်ဒဏ် ၂ နှစ်အထိ နှင့်ငွေဒဏ် |
| ၄၃၅ | ထိခိုက်နစ်နာစေရန်အကြံဖြင့် မီး သို့မဟုတ် အခြားပေါက်ကွဲစေတတ်သော ပစ္စည်းတမျိုးမျိုးအား အသုံးပြု၍ အကျိုးပျက်စီးစေခြင်း။ ထောင်ဒဏ် ၇ နှစ်အထိ နှင့်ငွေဒဏ် |
| ၄၄၇ | ရာဇဝတ်မကင်းသော ကျော်နင်းမှုကိုကျူးလွန် ခြင်း။ ထောင်ဒဏ်(၃)လအထိနှင့် ငွေဒဏ် |
| ၄၆၈ | လိမ်လည်ရန်အလို့ငှာ လိမ်လည်အတုပြုထားသော စာတမ်းအမှတ်အသားကို သုံးစွဲစေရန် အကြံဖြင့် လိမ်လည်အတုပြုမှုကို ကျူးလွန်ခြင်း။ ထောင်ဒဏ် ၃ နှစ်အထိ နှင့်ငွေဒဏ် |
| ၄၇၁ | လိမ်လည်အတုပြုထားသော စာတမ်းအမှတ်အသားကို အစစ်အမှန်အနေနှင့် အသုံးပြု ခြင်း။ ထောင်ဒဏ် ၃ နှစ်အထိ နှင့်ငွေဒဏ် |
| ၅၀၅ (ဗ) | အများပြည်သူ အကြည်ညိုပျက်စေမှု။ ထောင်ဒဏ် ၂ နှစ်အထိ နှင့်ငွေဒဏ် |

| | |
|---|---|
| 427 | Mischief causing damage / Up to 2 years imprisonment plus a fine. |
| 435 | Mischief by fire or explosive substance with intent to cause damage / Up to 7 years imprisonment plus a fine. |
| 447 | Punishment for criminal trespass / Up to 3 months imprisonment + fine. |
| 468 | Forgery of purpose of cheating / Up to 3 years imprisonment + fine. |
| 471 | Using as genuine a forged document / Up to 3 years imprisonment plus a fine. |
| 505 (b) | Statements conducing to public mischief / Up to 2 years imprisonment + fine. |

| | |
|---|---|
| နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှု နှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ | |
| ၁၀ | တစ်ဦးချင်းစီ၏ ပုဂ္ဂလိကလုံခြုံရေးအား ချိုးဖောက်ခြင်း၊ အသရေဖျက်ခြင်း၊ ခိုးယူခြင်း၊ သို့မဟုတ် ပိုင်ဆိုင်မှုများကို ပျက်စီးစေခြင်း။ ထောင်ဒဏ် ၃ နှစ်အထိ နှင့်ငွေဒဏ် |
| ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ | |
| ၂၁ | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အခမ်းအနားများ၊ အများပြည်သူ ဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရ ပြုလုပ်သည့်ပွဲများကို ကျင်းပလိုပါက သက်ဆိုင်ရာတာဝန်ရှိသူထံ အသိပေးတင်ပြခွင့်ပြုချက်တောင်းခံရခြင်း။ ထောင်ဒဏ် (၆) လအထိနှင့် ငွေဒဏ် |

| Privacy Law | |
|---|---|
| 10 | Invasion of privacy, defamation, stealing or destroying property / Up to 3 years imprisonment plus a fine. |
| **Ward and Village Tract Administration Law** | |
| 21 | Obtaining a permit for holding ceremonies, public entertainment, exhibitions, tournaments and traditional festivals / Up to 6 months imprisonment plus a fine. |

မကြာမီက နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ ရှိလင့်ကစား ကံမကောင်းစွာဖြင့် FEM ၏ ၂၀၁၉ မှ ၂၀၂၀ အတွင်း သုတေသနပြုလုပ်ချက်များအရ ပြသနေသည်မှာ မြန်မာနိုင်ငံ၌ ဆန္ဒထုတ်ဖော်ခွင့်ကို လေးစားခြင်း၊ အကာအကွယ်ပေးခြင်း သို့မဟုတ် ဖြည့်ဆည်းပေးခြင်းများ အားနည်းနေဆဲဖြစ်သည်။ မိမိတို့၏ ဆန္ဒထုတ်ဖော်ခွင့်ကို ရဲရင့်စွာဖြစ်စေ၊ အပြစ်ကင်းစွာဖြစ်စေ ကျင့်သုံးရန် ကြိုးစားနေကြသည့် ပြည်သူများသည် အကြမ်းဖက်ခံရခြင်းနှင့် တရားစွဲဆိုခံရခြင်း နှစ်မျိုးစလုံးကို ရင်ဆိုင်နေရသည်။

## လူထုသည် အာဏာပိုင်များ အရေးယူဆောင်ရွက်မှု ပျက်ကွက်သောကြောင့် ဆန္ဒထုတ်ဖော် ကြသည်။

ဆန္ဒထုတ်ဖော်သူအများစုသည် ၎င်းတို့ အာဏာပိုင်နှင့် စကားပြောဆိုခွင့် ရရန် ကြိုးစားခဲ့သည့်တိုင် မရရှိသည့်အခါမှ ဆန္ဒထုတ်ဖော်မှုကို ပြုလုပ်ကြသည်။ ဆန္ဒထုတ်ဖော်မှုသည် ၎င်းတို့၏ ပထမဆုံး ရွေးချယ်စရာလမ်းမဟုတ်ပါ။ သို့သော် အာဏာပိုင်များက နားထောင်ရန် သို့မဟုတ် ၎င်းတို့၏ မကျေနပ်ချက်/တိုင်တန်းချက်/နစ်နာချက်ကို လုပ်ဆောင်ဖြေရှင်းပေးရန် ပျက်ကွက်သောအချိန်တွင် ရွေးစရာမရှိသောအခြေအနေ၏ ရလဒ်များသာဖြစ်သည်။

Unfortunately, despite recent political reforms, FEM's research in 2019-2020 shows that the right to protest is still not respected, protected, or fulfilled in Myanmar. People who bravely or innocently try to exercise their right to protest face both violence and criminalisation.

## People protest because authorities fail to act

The majority of people protest after their attempts to talk with the authorities have failed. Protest is not their first choice of action, but is the result of frustration at the authorities' failure to listen or act on their grievances.

## ဆန္ဒထုတ်ဖော်သူများသည် ဥပဒေကို မသိနားမလည်ကြပါ။

ဆန္ဒထုတ်ဖော်သူ အများစုသည် ဆန္ဒထုတ်ဖော်မှုဆိုင်ရာ စည်းကမ်းများကို ဥပဒေကြောင်းအတိုင်း လိုက်နာရန် ရည်ရွယ်ခဲ့သော်လည်း ၎င်းတို့သည် ထိုအကြောင်းအရာကို နည်းနည်းသာ သိရှိပြီး ဥပဒေ၏ ချို့ယွင်းချက်ကြောင့် အများအားဖြင့် ထိုသို့ လုပ်ဆောင်နိုင်ရန် အတားအဆီး ဖြစ်နေသည်။

## ရဲများသည် ဆန္ဒထုတ်ဖော်ပွဲများတွင် ခွင့်ပြုမိန့်လိုအပ်ဆဲဟု ထင်နေသေးသည်။

ငြိမ်းစုစီဥပဒေကို ၂၀၁၆ ခုနှစ်တွင် ပြင်ဆင်ခဲ့သော်လည်း ရဲများသည် အသိပေးအကြောင်းကြားစာကို ဆန္ဒပြရန် ခွင့်ပြုမိန့်တောင်းခံလွှာဟု သတ်မှတ်နေပါသေးသည်။

## ရဲများသည် ဆန္ဒထုတ်ဖော်မည့် အကြောင်းအရာများ၊ ပုံစံများ၊ နေရာများကို ထိန်းချုပ်ချင်နေသေးသည်။

ရဲများသည် ဆန္ဒထုတ်ဖော်သူအများစုအပေါ်တွင် နိုင်ငံတကာ ဒီမိုကရေစီ စံနှုန်းများနှင့် သွေဖယ်ကာ၊ ဆန္ဒထုတ်ဖော်မည့် အကြောင်းအရာများ၊ ပုံစံများနှင့် နေရာများကို ပြောင်းလဲရန် ဖိအားပေးခဲ့သည်။

## Protesters unaware of the law

Most protesters intend to abide by the legal framework regulating protest but have limited awareness of it and are often prevented from doing so because of the law's defects.

## Police think protests still require permission

Although the PAPP Law was amended in 2016, most police still regard notification forms as an application for permission to protest.

## Police want to dictate protest content, form, and location

The police pressured the majority of protesters to change the content, form, and location of their protests, in violation of international democratic standards.

## အာဏာပိုင်များသည် ဆန္ဒထုတ်ဖော်မှုများကို အဆင်ပြေအောင် ကူညီပံ့ပိုးမပေးဘဲ ဖျက်သိမ်းရန် ရည်ရွယ်သည်။

ဆန္ဒထုတ်ဖော်ခွင့်ကို ကာကွယ်ရန်နှင့် အဆင်ပြေအောင် ကူညီပေးရန်ထက် အာဏာပိုင်များ၏ စီမံမှုက ညွှန်ပြနေသည်မှာ ၄င်းတို့၏ ရည်ရွယ်ချက်သည် ဆန္ဒထုတ်ဖော်မှုများကို ခြောက်လှန့်ရန်၊ ဖျက်သိမ်းရန်နှင့် ဖြိုခွင်းရန်တို့ ဖြစ်နေသည်။

## ရဲများ၏ အစီအစဉ်နေရာချမှုများသည် လိုအပ်မှု မဟုတ်၊ အချိုးအစားမျှတသင့်လျော်မှု မရှိခဲ့။

ရဲများ၏ ဆန္ဒထုတ်ဖော်မှုဆိုင်ရာ စီစဉ်နေရာချထားမှုများသည် မလိုအပ်သော ဆောင်ရွက်မှု၊ အချိုးမမျှ မသင့်တော်သော စီစဉ်မှု ဖြစ်သည်။ ငြိမ်းစုစီဥပဒေအောက်၌ ဆန္ဒပြပွဲများကို ထိန်းချုပ်ရာတွင် ကိုးနှစ်အတွေ့အကြုံရှိနေပြီဖြစ်သော်လည်း ရဲများ၏ဆန္ဒပြပွဲထိန်းချုပ်မှုပုံစံသည် မလိုအပ်သော၊ အချိုးအစားမျှတမှုမရှိသော အခြေအနေများ ရှိနေဆဲဖြစ်သည့် ကြောင့် အခွန်ထမ်းပြည်သူတို့အတွက် နစ်နာလှသည်။

## Authorities aim to shut down not facilitate protests

The authorities' conduct indicates that their aim is to intimidate, shut down, and disperse protests rather than to facilitate them and protect the right to protest.

## Police arrangements were unnecessary and disproportionate

The police's protest arrangements are unnecessary, disproportionate, and therefore extraordinarily expensive to the tax payer, despite nine years of experience regulating protests under the PAPP Law.



## ရဲအင်အားသုံး ဖြေရှင်းမှုသည် လိုအပ်သောအရာမဟုတ်၊ အချိုးမညီမျှ မသင့်လျော်သော လုပ်ဆောင်မှု ဖြစ်သည်။

ဆန္ဒထုတ်ဖော်မှုများအားလုံး နီးပါးသည် အကြမ်းဖက်မှု မပါသော်လည်း ရဲများသည် ဆန္ဒပြပွဲအားလုံး၏ တစ်ဝက်နီးပါးတွင် အင်အားသုံးခဲ့သည်။ ဥပဒေနှင့် မလျော်ညီသော လူစုခွဲ ထိန်းချုပ်ခြင်း နည်းများကို အထင်အရှား သုံးခဲ့ကြောင်းကို ဆန္ဒထုတ်ဖော်သူများကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ကြသည်။

## ရဲ နည်းဗျူဟာသည် ဆန္ဒထုတ်ဖော်သူများကို ထိခိုက်ဒဏ်ရာရစေသော် လည်း ဒဏ်ရာရသူများကို လျစ်လျူရှုသည်။

အင်အားသုံးကာ လူအုပ်ထိန်းချုပ်ခြင်း နည်းလမ်းများဖြင့် ရဲများက ရွေးချယ်အသုံးပြုမှုကြောင့် ဒဏ်ရာရမှုများ မြင့်မားစွာ ဖြစ်စေခဲ့သည်။ သို့သော် ရဲများသည် ဒဏ်ရာရသူများကို ထောက်ပံ့ကူညီရန် တာဝန် ပျက်ကွက်သည်။

## Police use of force was unnecessary and disproportionate

The police used force in almost half of all protests despite virtually all protests being non-violent. Protesters witnessed significant use of unlawful crowd control measures.

## Police tactics injure protesters but neglect the injured

The police's choice of forceful crowd control measures results in high levels of injuries, but the police fail in their duty to support the injured.

## ရဲများသည် ဆန္ဒထုတ်ဖော်ပွဲများကို အကြောင်းရင်းမရှိဘဲ ပိတ်သိမ်းကာ ဆန္ဒထုတ်ဖော်သူများကို ဖမ်းဆီးသည်။

ရဲများသည် ဆန္ဒထုတ်ဖော်သူများကို ထိန်းသိမ်းရန် မကြာခဏ အင်အားသုံး လုပ်ဆောင်သည်။ အကြမ်းမဖက်သော ဆန္ဒထုတ်ဖော်ပွဲများကို ရပ်စဲရန်နှင့် ဆန္ဒထုတ်ဖော်သူများကို လူစုခွဲရန် မကြာခဏ အင်အားသုံးကာ လုပ်ဆောင်သည်။ ထိုသို့ လုပ်ဆောင်ခြင်းအတွက် တိကျရှင်းလင်းသော အကြောင်းပြချက် သို့မဟုတ် တရားဝင်သောအကျိုးအကြောင်းဆင်ခြင်မှု မပေးပေ။

## အချို့ရဲများသည် သတင်းထောက်များကို ပစ်မှတ်ထားသည်။

သတင်းထောက်များသည် ဆန္ဒပြပွဲအများစုတွင် ရှိကြသည်။ သို့သော် "watchdog" ဟုတင်စားခေါ်ဝေါ်ကြသော ထိုသတင်းထောက်များသည် တစ်ခါတစ်ရံတွင် ရဲများ၏ အကြမ်းဖက်မှုများတွင် ပစ်မှတ်များ ဖြစ်ကြရသည်။

## ဆန္ဒထုတ်ဖော်သူများသည် ဆန္ဒပြပြီးနောက် အနီးကပ် စောင့်ကြည့်ထောက်လှမ်းခံရသည်။

သိသိသာသာပင် ဆန္ဒထုတ်ဖော်သူ အရေအတွက် အများအပြားက သူတို့သည် ဆန္ဒထုတ်ဖော်ပြီးနောက်တွင် အာဏာပိုင်များ၏ အနီးကပ်စောင့်ကြည့်ထောက်လှမ်းမှု ခံရသည်ဟု ယုံကြည်ကြသည်။

## Police arrest protesters and shut down protests without reason

The police often use force to detain protesters, shut down non-violent protests, and disperse protesters, without clear reason or justification for doing so.

## Some police target journalists

Journalists attend most protests but as public watchdogs are sometimes the targets of violence by police.

## Protesters face surveillance after protesting

A significantly high number of protesters believe that after protesting they are subject to surveillance by authorities.

## ဆန္ဒထုတ်ဖော်သူများသည် ဒီမိုကရေစီအခွင့်အရေးများကို ကျင့်သုံးသည့်အတွက် တရားစွဲခံကြရသည်။

စွဲချက်အများစုမှာ မူလလူ့အခွင့်အရေးများဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်ရေးသား ပြောဆိုခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်ကို ဆန္ဒထုတ်ဖော်သူများက ဥပဒေဆိုင်ရာ လုပ်ပိုင်ခွင့် အဖြစ်ကျင့်သုံးသောကြောင့် ရာဇဝတ်ပြစ်မှုအဖြစ် သတ်မှတ်ခဲ့သည်။

## စွဲချက်များမှာ ဥပဒေနှင့် မလျော်ညီသော အုပ်စုလိုက် အပြစ်ဒဏ်သင့်ခြင်းကို ဖြစ်စေခြင်း

ဆန္ဒထုတ်ဖော်သူများကို စွဲဆိုသည့် စွဲချက်အများစုသည် အုပ်စုလိုက် ပြစ်ဒဏ်ထိုက်စေခြင်း၊ အသင်းအဖွဲ့အားဖြင့် အပြစ်ရှိစေခြင်း နှင့် အုပ်စုလိုက် သိမ်းကျုံး ပြစ်ဒဏ်ပေးခြင်းတို့ကို ဖြစ်စေခဲ့ပြီး၊ ယင်းတို့သည့်  အခြေခံ တရားဥပဒေစိုးမိုးရေးမူများ၊ နိုင်ငံတကာဥပဒေတို့နှင့် ဆန့်ကျင်နေသည်။

## Protesters charged for exercising democratic rights

Most charges laid against protesters criminalise the protesters' legitimate exercise of fundamental human rights to freedom of expression and freedom of assembly.

## Charges infer unlawful collective culpability

Most of the charges brought against protesters inferred collective culpability, guilt by association, and collective punishment, contradicting basic rule-of-law principles and potentially breaching international law.

## ရုံးတင်စစ်ဆေးခြင်းများသည် နှေးကွေးပြီး စရိတ်ကြီးမြင့်ကာ ၁၀၀% အပြစ်ဒဏ်ခံရနှုန်း ရှိခြင်း

ပြစ်မှုဆိုင်ရာ ရုံးတင်စစ်ဆေးမှုများသည် ယေဘုယျအားဖြင့် နှေးကွေးပြီး အများအားဖြင့် ကြန့်ကြာကာ၊ (နိုင်ငံအတွက်သာမက ထိရောက်မှုမရှိသော စနစ်ကို ရန်ပုံငွေထောက်ပံ့နေရသော အခွန်ပေးဆောင်သူများအတွက်ပါ) စရိတ်စက ကြီးပြီး၊ ၁၀၀% အပြစ်ဒဏ်ခံရနှုန်း ရှိသည်။

## တရားစွဲဆိုခံရသော ဆန္ဒထုတ်ဖော်သူများ ကူညီထောက်ပံ့မှု မရရှိခြင်း

ဆန္ဒထုတ်ဖော်သူ အများစုသည် တရားစွဲဆိုခံရပြီးနောက်ပိုင်းတွင် ဥပဒေဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အထောက်အပံ့များ မရရှိကြပါ။

## Trials are slow and costly, with 100% conviction rate

Criminal trials are generally slow, often delayed, expensive (including to the tax payer who is funding the inefficient system), and have a 100% conviction rate.

## Charged protesters lack support

Most protesters lack legal and financial support after they are charged.

# ထိန်းသိမ်းဖမ်းဆီးခံရ
# ချိန်တွင်
# သင်၏ရပိုင်ခွင့်များ

## Your rights when detained and arrested








FREE EXPRESSION MYANMAR
လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ

ဆော်ဟောင်ကြီး

## ရဲတပ်ဖွဲ့၏ မတရား ဖမ်းဆီးချုပ်နှောင်ခြင်း မခံရပိုင်ခွင့်

**သင်သည် မတရားဖမ်းဆီးချုပ်နှောင်ခြင်း မခံရစေရ။**
(ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၂၁(ခ) နှင့် ၃၇၆။ ပြစ်မှုဆိုင်ရာ ဥပဒေ၊ ပုဒ်မ ၃၃၊ ပုဒ်မ ၃၃၉ - ၃၄၂ နှင့် ၃၄၈။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ပုဒ်မ ၆၁၊ ၁၀၀၊ ၁၆၇ နှင့် ၄၉၁။)

**မတရားဖမ်းဆီးချုပ်နှောင်မှုအတွက် သင်သည် ရဲတပ်ဖွဲ့ထံမှ နစ်နာကြေးတောင်းပိုင်ခွင့်ရှိသလို ဖမ်းဆီးချုပ်နှောင်မှုသည် တရားဥပဒေနှင့်အညီ ဖြစ်မဖြစ်ကို စစ်ဆေးရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ထံ လျှောက်ထားပိုင်ခွင့်ရှိသည်။**
(ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ ပုဒ်မ ၃၇၈။ ပြစ်မှုဆိုင်ရာဥပဒေ၊ ပုဒ်မ ၃၃၀။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ပုဒ်မ ၈၀ နှင့် ၄၉၁)

**သင်သည် ၂၄ နာရီထက်ပို၍ ချုပ်နှောင်ခံရပါက တရားရုံးသို့ ဦးတိုက်လျှောက်၍ တိုင်ကြားပိုင်ခွင့်ရှိသည်။** (ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၃၇၆။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ပုဒ်မ ၈၁၊ ပုဒ်မ ၁၆၇။)
သင်သည် (အမြင့်ဆုံး ထောင်ဒဏ် ၇ နှစ်ထိ ချမှတ်နိုင်သည့် ပြစ်မှုများအတွက်)

**စစ်ဆေးမေးမြန်းခံနေရစဉ်ကာလအတွင်း သက်သေအထောက်အထား မခိုင်လုံကြောင်း တွေ့ရှိပါက သင်သည် လွတ်မြောက်ခွင့် ရှိသည်။**
(ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ပုဒ်မ ၁၆၉။)

## Right against unlawful police detention

**You have a right not to be unlawfully detained** (Constitution, Arts. 21(b) and 376; Penal Code, Arts. 33, 339-342, and 348; Code of Criminal Procedure, Arts. 61, 100, 167, and 491).

**You have the right to claim damages from the police for unlawful detention, and to petition the Supreme Court to challenge the lawfulness of detention** (Constitution, Art. 378; Penal Code, Art. 330; Code of Criminal Procedure, Arts. 80 and 491).

**You have a right to go before a court if detained over 24 hours** (Constitution, Art. 376; Code of Criminal Procedure, Arts. 81 and 167).

**You have the right to be released if insufficient evidence is found during the investigation** (Code of Criminal Procedure, Art. 169).

## မတရား ဖမ်းဆီးခြင်းနှင့် ရှာဖွေစစ်ဆေးခြင်း မခံရပိုင်ခွင့်

**သင်သည် ဖမ်းဆီးခံရချိန်၌ အင်အားအလွန်အကျွံသုံးခြင်းကို** ဖြစ်စေ၊ လိုအပ်သည်ထက်ပို၍ ဖိနှိပ်ချုပ်ချယ်ခြင်း ကိုဖြစ်စေ မခံရစေရ။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ပုဒ်မ ၅၀)

**သင်သည် ရဲတပ်ဖွဲ့၏ လေးလေးစားစားဆက်ဆံမှုကို ရပိုင်ခွင့်ရှိသည်။** (ရဲလက်စွဲ၊ အပိုဒ် ၁၀၅၆) **သင်သည် ရဲတပ်ဖွဲ့၏ ကာကွယ်စောင့်ရှောက်မှုကို ရပိုင်ခွင့်ရှိသည်။** (ရဲလက်စွဲ၊ အပိုဒ် ၁၀၈၆)

ရဲတပ်ဖွဲ့သည် ရှာဖွေစစ်ဆေးမှုပြုလုပ်ရန် တရားရုံးကထုတ်ဆင့်သည့် ရှာဖွေဝရမ်း လိုအပ်သည်။ ရဲသည် လူတစ်ယောက်ထံမှ သိမ်းဆည်းရမိသော ပစ္စည်းစာရင်းကို ရေးသားပြုစု၍ ထိုစာရင်း၏ မိတ္တူကို ပေးရမည်။ သို့သော် တစ်ခါတစ်ရံတွင် ရဲများက သင့်ထံမှ ရှာဖွေစစ်ဆေးခွင့်ရရှိရန် ထိုစာရင်းကို ပြ၍ အသုံးပြုတတ်ကြသည်။ (ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ၊ ပုဒ်မ ၉၆ - ၁၀၃။ ရဲလက်စွဲ၊ အပိုဒ် ၁၀၆၄။ တရားရုံးများလက်စွဲ၊ အပိုဒ် ၄၀၁။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ၊ အပိုဒ် ၈။)

**သင်သည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု မခံရစေရ။** (ပြစ်မှုဆိုင်ရာဥပဒေ၊ ပုဒ်မ ၃၅၄ နှင့် ၅၀၉။ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် သင်းသိန်း (အပေါင်း ၃ ဦး)၊ ၂၀၀၂၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ ၃၆)

## Right against unlawful arrests and searches

**You have the right not to be treated with excessive force or undue restraint when being arrested** (Code of Criminal Procedure, Art. 50).

**You have a right to be treated respectfully by the police** (Police Manual, para. 1056).

**You have a right to be protected by the police** (Police Manual, para. 1086).

Police searches require a search warrant issued by a court. Police must give you a receipt for seized items, although this is sometimes used to show you consented to a search (Code of Criminal Procedure, Arts. 96-103; Police Manual, para. 1064; Courts Manual, para. 401; Law Protecting the Privacy and Security of Citizens, Art. 8).

**You have the right not to be physically and mentally sexually harassed** (Penal Code Arts. 354 and 509; Union of Myanmar Vs. Thin Thein (and 3), 2002, M.L.R 36).

## ညှဉ်းပန်းနှိပ်စက် မခံရပိုင်ခွင့်

**သင်သည် ညှဉ်းပန်းနှိပ်စက်ခြင်း (သို့မဟုတ်) ကြမ်းတမ်းရက်စက်စွာ ဆက်ဆံခြင်း မခံရစေရ။** (ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၄၄ နှင့် ၃၅၃။ ပြစ်မှုဆိုင်ရာဥပဒေ၊ ပုဒ်မ ၃၃၀ - ၃၃၁၊ ပြည်သူ့ရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေ၊ ပုဒ်မ ၁၇(ဆ)။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၅။)

**သင်သည် စစ်ဆေးမေးမြန်း ခံရနေစဉ် ထိခိုက်နာကျင်အောင် ပြုလုပ်ခြင်း မခံရစေရ။** (ပြစ်မှုဆိုင်ရာ ဥပဒေ၊ ပုဒ်မ ၃၃၀ - ၃၃၁) **သင်သည် အနိုင့်အထက် ခြိမ်းခြောက်၍ဖြစ်စေ၊ ကတိ တစ်စုံတစ်ရာ ထား၍ဖြစ်စေ ဖိအားပေးစည်းရုံးခြင်း မခံရစေရ။** (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ပုဒ်မ ၃၄၃)

**ရဲတပ်ဖွဲ့က ဖြောင့်ချက်ရရန်အတွက် စစ်ဆေးမေးမြန်းနေစဉ် ညှဉ်းပန်းနှိပ်စက်ပါက (သို့မဟုတ်) လက်မခံနိုင်သော လုပ်ရပ်တစ်ခုခု ပြုလုပ်ပါက သင်သည် အမှုစစ်အရာရှိထံ တိုင်တန်းခွင့်ရှိသည်။ ထိုအရာရှိက မဖြစ်မနေ စုံစမ်းစစ်ဆေး ပေးရမည်။** (ရဲလက်စွဲ၊ အပိုဒ် ၁၆၉၃) သင်သည် ရဲ၏ ညှဉ်းပန်းနှိပ်စက်မှုကို ရဲတပ်ဖွဲ့ထံမတိုင်ဘဲ တရားရုံးသို့ တိုင်တန်းရမည်။ ထိခိုက်ဒဏ်ရာရရှိမှုများကိုလည်း ကြားနာစစ်ဆေးမှု ပြုလုပ်နေစဉ်အတောအတွင်း မှတ်တမ်းတင်ထားပေးရန် တရားသူကြီးများကို တောင်းဆိုသင့်သည်။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ အပိုဒ် ၂၀၀)

## Right not to be tortured

**You have the right not to be tortured or mistreated** (Constitution, Arts. 44 and 353; Penal Code Arts. 330-331; Myanmar Police Force Maintenance of Discipline Law, Art. 17(g); UDHR, Art. 5).

**You have the right not to be hurt during an interrogation** (Penal Code, Arts. 330-331).

**You have the right not to be induced by threat or promise** (Code of Criminal Procedure, Art. 343).

**You have a right to report accusations of torture or misconduct to the investigating police officer, who must investigate them** (Police Manual, para. 1693).

You must report police torture to the courts – not to the police – and should ask judges to record injuries during hearings (Code of Criminal Procedure, Art. 200).

## ဖြောင့်ချက်မပေးဘဲ နေပိုင်ခွင့်

သင့်ထံတွင် မဖြစ်မနေ ဖြောင့်ချက်ပေးရန် တာဝန်မရှိကြောင်း သင့်ကို ကြိုတင်အသိပေးထားရမည်။ (ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊ ပုဒ်မ ၁၆၄။)

**သင်သည် ဖြောင့်ချက်ပေးရန် အတင်းအကျပ် ဖိအားပေးမခံရစေရ။** (သက်သေခံဥပဒေ၊ ပုဒ်မ ၂၄။ ပြည်သူ့ရဲများ စည်းကမ်းထိန်းသိမ်းရေး ဥပဒေ၊ ပုဒ်မ ၁၃။ နိုင်ငံတကာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ် (ICCPR) အပိုဒ် ၁၄(၃))။

သင့်ဆန္ဒအလျောက် (အလိုအလျောက်) ထုတ်ဖော်ပြောကြားသော ဖြောင့်ချက်ကိုသာ သက်သေခံချက်အဖြစ် အသုံးပြုနိုင်သည် (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ပုဒ်မ ၁၆၄)။ သင့်အနေဖြင့် အကျပ်ကိုင်သောကြောင့် ဖြောင့်ချက် ပေးရခြင်း၊ မမှန်မကန် ဖြောင့်ချက်ပေးခြင်းနှင့် မစဉ်းစားမဆင်ခြင်ဘဲ ဖြောင့်ချက်ပေးခြင်းတို့ကို ရှောင်ကြဉ်သင့်သည်။

**သင်သည် ပြစ်မှုတစ်ခုကို ကျူးလွန်သည်ဟု မထွက်ဆိုဘဲ နေပိုင်ခွင့်ရှိသည်။** (ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊ ပုဒ်မ ၃၄၂ (၁)(က)။ နိုင်ငံတကာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR) ၁၄(၃)(ဆ)။

**သင်သည် တရားသူကြီးတစ်ဦး၏ မေးခွန်းများကို မဖြေဆိုဘဲ နေပိုင်ခွင့်ရှိသည်။** (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ပုဒ်မ ၃၄၂(၂)(၃))။

## Right to remain silent

You must be informed that you are not obliged to confess (Code of Criminal Procedure, Art. 164).

**You have a right not to be forced to confess** (Evidence Act Art. 24; Myanmar Police Force Maintenance of Discipline Law, Art. 13; ICCPR, Art. 14(3)).

Your confession can only be used as evidence if it is made voluntarily (Code of Criminal Procedure, Art. 164). You should avoid making coerced, false, or unwise confessions.

**You have the right to not self-incriminate** (Code of Criminal Procedure, Art. 342(1)(a); ICCPR Art. 14(3)(g)).

**You have a right not to answer a judge's questions** (Code of Criminal Procedure, Art. 342(2)(iii)).

# ပြစ်မှု စွဲချက်တင်ရာတွင် သတ်မှတ်ချက်စံနှုန်းများ

# Charging standards


ဆန္ဒဖော်ထုတ်
ပွဲများ
FREE EXPRESSION MYANMAR
လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ

ပြစ်မှုတစ်ရပ်ကို စွဲချက်တင်ရာတွင် သတ်မှတ်ချက်စံနှုန်းများနှင့် မကိုက်ညီပါက ဥပဒေအရာရှိများက အမှုကို ရုပ်သိမ်းရမည့် တာဝန်ရှိသည်။ (ပြည်ထောင်စုရှေ့နေချုပ် ဥပဒေ (၂၀၁၀)၊ ပုဒ်မ ၃၆(ဈ)။ ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေး သဘောတူစာချုပ်၊ အပိုဒ် ၁၁ "အကောင်အထည်ဖော်ခြင်းဆိုင်ရာ လမ်းညွှန်ချက်နှင့် ဆန်းစစ်အကဲဖြတ်မှု မူဘောင်")။

## အဆင့် ၁။ အောက်ပါတို့သည် အောင်မြင်ဖွယ်ရှိသည် -

- ပြစ်မှု၏အင်္ဂါရပ်တိုင်းသည် ကြောင်းကျိုးဆီလျော်သော သံသယအဆင့်ထက်ပိုကြောင်း သက်သေပြနိုင်သည့် အထောက်အထားတစ်စုံတစ်ရာ ရှိပါသလား။ ထိုအထောက်အထားကို အလွယ်တကူ လက်လှမ်းမီနိုင်ပါသလား၊ လက်ခံနိုင်စရာ ဖြစ်ပါသလား၊ စိတ်ချရပါသလား။
- လူသက်သေများသည် ယုံကြည်စိတ်ချရပါသလား။
- တရားစွဲခံရသူ (တရားခံ) အတွက် ခိုင်မာသော ကာကွယ်ခုခံပိုင်ခွင့် ရှိပါသလား။

Prosecutors have a duty to withdraw cases if the case does not reach the charging standard (Attorney General of the Union Law 2010, Art 36(i); United Nations Convention against Corruption, Article 11 implementation guide and evaluative framework).

## Step 1: Is success likely:

- Is there evidence to prove every element of the crime beyond a reasonable doubt? Is the evidence accessible, admissible, reliable?
- Are the witnesses credible?
- Are there strong defences available to the accused?

## အဆင့် ၂။ တရားစွဲခြင်းသည် အများပြည်သူအကျိုးစီးပွားနှင့် သက်ဆိုင်ပါသလား။

- ဖြစ်မှု၏ သဘာဝနှင့် ပြင်းထန်မှုသည် မည်သို့ရှိပါသလဲ။
- ကျူးလွန်ခံရသူနှင့် လူ့အဖွဲ့အစည်းအတွက် အကျိုးစီးပွားမှာ မည်သည့်အရာများ ဖြစ်ပါသလဲ။
- ဖြစ်မှုကျူးလွန်သောနေ့နှင့် တရားစွဲဆိုသောနေ့ကြားတွင် နှောင့်နှေးကြန့်ကြာမှု ရှိပါသလား။
- အများပြည်သူ ပိုမိုအကျိုးရှိနိုင်ရန်အတွက် တရားစွဲခြင်းအပြင် အခြားနည်းလမ်းများ ရှိပါသေးသလား။

## Step 2: Is prosecution in the public interest?

- What is the nature and seriousness of the crime?
- What are the interests of the victim and the broader community?
- Has there been a delay between the date of the crime and the beginning of the prosecution?
- Are there alternatives to prosecution that would better serve the public interest?

# စွဲချက်တင်ချိန်နှင့် အမှုကြားနာစစ်ဆေးစဉ် ကာလအတွင်း သင်၏ရပိုင်ခွင့်များ

# Your rights when charged and in trial


NEWS
FREE EXPRESSION MYANMAR

## ကာကွယ်ခုခံပိုင်ခွင့်

**သင်သည် တရားဥပဒေအရ ကာကွယ်ခုခံပိုင်ခွင့် ရှိသည်။** (ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၁၉ နှင့် ၃၇၅။ ပြည်ထောင်စု တရားစီရင်ရေး ဥပဒေ၊ ပုဒ်မ ၃)။

**သင့်အား မည်သည့်ပြစ်မှုနှင့် စွဲချက်တင်ထားသည်ကို သင် သိပိုင်ခွင့် ရှိသည်။** (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ပုဒ်မ ၂၁၀။ နိုင်ငံတကာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR) ပုဒ်မ ၉(၂))။

**သင်သည် တိုင်တန်းသူ(တရားလို)နှင့် တန်းတူ အမှု ကြားနာစစ်ဆေးခံပိုင်ခွင့်ရှိသည်။ သင်သည် အသိသက်သေ ခေါ် ပိုင်ခွင့် ရှိသည်။** (မောင်အုံ့ဘွယ် နှင့် တစ်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၄၈ မြန်မာနိုင်ငံတရားစီရင်ထုံးများ (ဗဟိုတရားရုံးချုပ်) ၈၆၃။ ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် အရှင် + ၂ ဦး၊ ၁၉၅၅ မြန်မာနိုင်ငံတရားစီရင်ထုံးများ ၃၁၇)။

**သင်သည် တစ်ဖက်မှသက်သေများ (တရားလိုဘက်သက်သေများ) ကိုလည်း ပြန်လှန်စစ်မေးပိုင်ခွင့်ရှိသည်။** (ပြစ်မှု ဆိုင်ရာ ကျင့်ထုံးဥပဒေ၊ ပုဒ်မ ၂၀၈ (၂))။

**သင်သည် တရားရုံး၏ လေးစားစွာဆက်ဆံမှုကို ခံစားပိုင်ခွင့်ရှိသည်။** (တရားရုံးများလက်စွဲ အပိုဒ် ၁၃)။

## Right of defence

**You have the right of defence** (Constitution, Arts. 19 and 375; Union Judiciary Law, Art. 3).

**You have the right to know what charges are against you** (Code of Criminal Procedure, Art. 210; ICCPR, Art. 9(2)).

**You have the right to be heard equally with the complainant. You have the right to call your own witnesses** (Maung Ant Bwe & One v. Union of Burma, 1948 BLR (HC) 863. Union of Burma v. Ah Shin & 2 Others, 1955 BLR (HC) 317.)

**You have the right to cross-examine witnesses** (Code of Criminal Procedure, Art. 208(2)).

**You have the right to be treated with respect by the court** (Court Manual, para. 13).

## ကာကွယ်ခုခံရန်(ခုခံချေပရန်) ရှေ့နေငှားပိုင်ခွင့်

**သင်သည် ခုခံချေပရန်အတွက် ရှေ့နေ ငှားပိုင်ခွင့်ရှိသည်။**
(ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ပုဒ်မ ၃၄၀၊ တရားရုံးများ လက်စွဲ အတွဲ ၂၊ အပိုဒ် ၄၅၅။ တရားဥပဒေဆိုင်ရာ အကူအညီပေးရေး ဥပဒေ၊ ပုဒ်မ ၂၅-၂၆၊ ၃၁ နှင့် ၄၃၊ နိုင်ငံတကာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR)၊ အပိုဒ် ၁၄(၃)(ဃ))။

**သင်၏ ရှေ့နေကို လိုအပ်ချိန်တွင် တွေ့ဆုံ၊ ဆက်သွယ်ပိုင်ခွင့် ရှိသည်။**
(ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၃၇၅။ တရားရုံးများ လက်စွဲ၊ အပိုဒ် ၄၅၅။ ဗဟိုတရားရုံးချုပ် အမိန့်ကြော်ငြာစာ အမှတ် ၂ (အထွေထွေ) ဖေဖော်ဝါရီလ ၁၆ ရက်၊ ၁၉၂၇။ အကျဉ်းထောင်ဥပဒေ၊ ပုဒ်မ ၄၀။ ရဲလက်စွဲ၊ အပိုဒ် ၇၄။)

**သင်သည် ရှေ့နေ့တစ်ဦးက မပေါ့မဆဖြင့် သင်၏အကျိုးစီးပွားအပေါ် သစ္စာရှိရှိလေးစားခြင်းကို ရပိုင်ခွင့်ရှိသည်။** (Legal Practitioner Act ၊ ပုဒ်မ ၄၄။ ၁၉၆၈ မြန်မာနိုင်ငံတရားစီရင်ထုံးများ  (ဗဟို တရား ရုံးချုပ်) စာမျက်နှာ ၂၆၄။ ကုလသမဂ္ဂ ရှေ့နေများ၏အခန်းကဏ္ဍဆိုင်ရာ အခြေခံမူဝါဒ ကြေညာစာတမ်း၊ ၁၂)

**သင်သည် ထောင်ဝင်စာတွေ့သည့် အချိန်အပါအဝင် သင်၏ ရှေ့နေနှင့် သီးသန့်နှစ်ကိုယ်တည်း တွေ့ဆုံဆက်သွယ်ခွင့် ရှိသည်။**
(သက်သေခံဥပဒေ၊ ပုဒ်မ ၁၂၆။ အကျဉ်းထောင်ဥပဒေ၊ ပုဒ်မ ၄၀။)

## Right to a lawyer

**You have a right to a lawyer** (Code of Criminal Procedure, Art. 340; Courts Manual, Vol. II, para. 455; Legal Aid Law, Arts. 25-26, 31, and 43; ICCPR, Art. 14(3)(d)).

**You have a right to access your lawyer** (Constitution, Art. 375; Courts Manual, para. 455; High Court Notification No.2 (General), 16th February 1927; Prisons Act, Art. 40; Police Manual, para. 74).

**You have a right to a lawyer who loyally respects your interests and not negligent** (Legal Practitioners Act, Art. 44; 1968, BLR (High Court) Page 264; UN Declaration on the Basic Principles on the Role of Lawyers, 12).

**You have the right to confidential communications with your lawyer, including during prison visits** (Evidence Act, Art. 126; Prison Act, Art. 40).

## ဖွဲ့စည်းပုံအခြေခံဥပဒေကို အသုံးချပိုင်ခွင့်

**သင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သင်၏အခွင့်အရေးများ အမှန်တကယ် အသက်ဝင်၍ အသုံးချနိုင်ရန် တောင်းဆိုပိုင်ခွင့်ရှိသည်။** (ငပိန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ (ပြည်ထောင်စု တရား လွှတ်တော်ချုပ်) ၁၉၅၃ ၁၁၆(က))။

**သင်သည် မည်သည့် ဥပဒေနှင့် မူဝါဒမဆို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီရှိမရှိကို စစ်ဆေးပေးရန် တရားရုံးအား တောင်းဆိုပိုင်ခွင့် ရှိသည်။** (ဦးထွေး (ခ) အေအီး မာဒါရီနှင့် ဦးထွန်းဦး + တစ်ဦး၊ ၁၉၄၈၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ (ပြည်ထောင်စုတရားလွှတ်တော်ချုပ်) ၅၄၁၊ ၅၆၀-၅၆၁)

## နိုင်ငံတကာဥပဒေနှင့် စံနှုန်းများ အသုံးချပိုင်ခွင့်

**သင်သည် ပြစ်မှုတစ်ရပ်နှင့်ပတ်သက်၍ ကာကွယ်ခုခံရာတွင် မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်၍ အခြား နိုင်ငံများရှိ ထုတ်ပြန်ချက်၊ မူဝါဒနှင့် အယူဝါဒတို့ကို ရည်ညွှန်းကိုးကားပိုင်ခွင့် ရှိသည်။** (ဒေါ် စီစီ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ (၁၉၆၄) မြန်မာနိုင်ငံ တရားစီရင်ထုံးများ ၈၇၆)

**သင်သည် နိုင်ငံတကာဥပဒေ၊ စံနှုန်းများနှင့်အညီ ကာကွယ်ခုခံပိုင်ခွင့်နှင့် အယူခံဝင်ပိုင်ခွင့်ရှိသည်။** (တရားဥပဒေဆိုင်ရာ အကူအညီပေးရေးဥပဒေ ၂၀၁၇ ပြင်ဆင်ချက်၊ ပုဒ်မ ၃(ခ))။

## Right to use the Constitution

**You have a right to ask for your Constitutional rights to be enforced** (Nga Pein v The Union of Burma, 1953 BLR (SC) 116a).

**You have a right to ask a court to test the constitutionality of any law or policy** (U Htwe (a) A. E. Madari v. U Tun Ohn & One. 1948 BLR (SC) 541, at 560-61).

## Right to use international law and standards

**You have a right for your defence to refer beyond Myanmar's Constitution to the statements, principles, and doctrine in other countries** (Daw Si Si v. Union of Myanmar, (1964) BLR 876).

**You have a right that your defence and appeal complies with international law and standards** (Legal Aid Law 2017 Amendment, Art. 3(b)).

## အပြစ်မရှိဟု မှတ်ယူခံရပိုင်ခွင့်

**သင်သည် အပြစ်ရှိကြောင်း သက်သေအထောက်အထား မခိုင်လုံသေးသရွေ့ အပြစ်မရှိဟု မှတ်ယူခံရပိုင်ခွင့်ရှိသည်။**
(ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် ဦးအေးကြည်၊ ၁၉၆၄ မြန်မာနိုင်ငံတရားစီရင်ထုံးများ ၃၉၆၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၁၁(၁))။
တရားစွဲဆိုသည့် အကြောင်းခြင်းရာများ မှန်ကန်ကြောင်း ဦးစွာ သက်သေတင်ပြရန်တာဝန်သည် သင့်ထံတွင်မရှိပါ။
တိုင်တန်းသူ(တရားလို) ထံတွင်သာ ရှိသည်။ (သက်သေခံဥပဒေ၊ ပုဒ်မ ၁၀၁ မှ ၁၀၄။)
သင်သည် သံသယအကျိုး ခံစားခွင့်ရှိသည်။ (ဒေါ်တင်ဦး၊ ဦးအေးဖေ (အပေါင်းအပါ ၃ ဦး) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၆ မြန်မာနိုင်ငံတရားစီရင်ထုံးများ ၁၂၉။)

"သက်သေ"ဆိုင်ရာ စံနှုန်းမှာ သတ်မှတ်ထားပြီး ဖြစ်သည်။ (သက်သေခံဥပဒေ၊ ပုဒ်မ ၃။)

တရားရုံးက မယုံကြည်လင့်ကစား သင်သည် ကြောင်းကျိုးဆီလျော်စွာ မှန်ကန်သည့် ရှင်းလင်းချက်ပေးနိုင်ပါက အမှုမှ တရားသေလွတ်မြောက်ခွင့် ရှိသည်။ (အမ်မူသီယာ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၁၉၅၅ မြန်မာနိုင်ငံတရား စီရင်ထုံးများ (ဗဟိုတရားရုံးချုပ်) ၁၇၅)။

## Right to be presumed innocent

**You have the right to be presumed innocent until proven guilty** (Union of Burma v. U Aye Kyi, 1964 BLR 396; UDHR, Art. 11(1)).

The burden of proof is on the prosecution, not on you (Evidence Act, Arts. 101-104).

The benefit of doubt is on you (Daw Tin Oo and U Aye Phe (3) v Union, 1966 BLR 129).

The standard of "proof" is defined (Evidence Act, Art. 3).

If you give an explanation which may reasonably be true, even though it is not believed by the Court, you are entitled to an acquittal (M. Muthiah Servai v. Union, 1955 BLR (HC) 175).

## ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့် စစ်ဆေးစီရင်၊ အရေးယူ၊ တိုင်တန်းခွင့် (Due Process)

**သင်သည် due process ဟုခေါ်သော ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့် စစ်ဆေးစီရင်၊ အရေးယူ၊ တိုင်တန်းခွင့် နှင့် မျှတသော တရားစီရင်မှုကို ရရှိပိုင်ခွင့်ရှိသည်။** (ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၁၉၊ ၃၈၊ ၃၇၃ နှင့် ၃၈၁။ နိုင်ငံတကာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ် (ICCPR)၊ ပုဒ်မ ၉(၁))။

**သင်သည် အများပြည်သူ လာရောက်ကြားနာနိုင်သော တရားခွင်၌ တရားစီရင် ခံပိုင်ခွင့်ရှိသည်။** (ပြည်ထောင်စု တရား စီရင်ရေးဥပဒေ ၂၀၁၀၊ ပုဒ်မ ၃(ခ)။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ပုဒ်မ ၃၅၂။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ အပိုဒ် ၁၀။)

**သင်သည် သက်သံခံချက်များကို သိကြားပိုင်ခွင့်ရှိသည်။** (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ပုဒ်မ ၃၅၃)

**သင်သည် ဥပဒေနှင့်ကိုက်ညီသော အဖိုးအခကိုသာ ပေးခွင့်ရှိသည်။** (ပြည်ထောင်စုတရားစီရင်ရေးဥပဒေ၊ ပုဒ်မ ၇၃၊ တရားရုံးများလက်စွဲ ၁၉၉၉၊ အပိုဒ် ၇၆ နှင့် ပုဒ်မ ၁၀၃(၄၄))။

**သင်သည် အဂတိလိုက်စားမှုကို သတင်းပေးတိုင်ကြားပိုင်ခွင့်ရှိသည်။** (အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ။ ပြစ်မှု ဆိုင်ရာ ဥပဒေ၊ ပုဒ်မ ၁၆၁-၁၇၁)

## Right to due process

**You have the right to due process and a fair trial** (Constitution, Arts. 19, 38, 353, and 381; ICCPR, Art. 9(1)).

**You have the right to a public trial** (Union Judiciary Law 2010, Art. 3(b); Code of Criminal Procedure, Art. 352; UDHR, Art. 10).

**You have a right to hear the evidence** (Code of Criminal Procedure, Art. 353).

**You have a right to only pay fees consistent with the law** (Union Judiciary Law, Art. 73; Courts Manual 1999, para. 76 and Art. 103(44)).

**You have a right to report corruption** (Anti-Corruption Law; Penal Code, Arts. 161-171).

## ကြန့်ကြာမှုမရှိသောကြားနာစစ်ဆေးမှု ရပိုင်ခွင့်

သင်သည် မလျော်ကန်သော နှောင့်နှေးကြန့်ကြာမှု (သို့) ရွှေ့ဆိုင်းမှု မရှိဘဲ မြန်ဆန်သော အမှုကြားနာစစ်ဆေးမှုကို ခံစားပိုင်ခွင့်ရှိသည်။ (တရားရုံးများလက်စွဲ၊ အပိုဒ် ၂၂၊ ၂၄၊ ၄၆၆၊ ၅၆၀။ မောင်တင်ဝေ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ (၁၉၆၆) မြန်မာနိုင်ငံတရားစီရင်ထုံးများ ၆၃၉၊ နိုင်ငံတကာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR)၊ အပိုဒ် ၁၄(၃))။

စစ်ဆေးမှုသည် ခြောက်လအတွင်း အပြီးသတ်သင့်သည်။ (ပြည်ထောင်စုရှေ့နေချုပ်ရုံး အမိန့်ကြော်ငြာစာ အမှတ် ၁၀၉(c)။

ရပ်ဆိုင်းနေသော အမှုများကို ပလပ်ရမည်။ (ပြည်ထောင်စုတရားလွှတ်တော်ချုပ် အမိန့်ကြေညာစာအမှတ် ၁၁၄/၄၂၄ PTC [၂၈၅၅/၂၀၁၅])

## Right to trial without delay

**You have a right to a speedy trial without unjustifiable delays or postponement** (Court Manual, paras. 22, 24, 466, 560; Maung Tin Ngwe Vs. The Union of Burma, (1966) B.R. 639; ICCPR, 14(3)).

The trial should be completed within 6 months (Union Attorney General Rules, Rule 109(e)).

Stalled cases must be dismissed (Supreme Court Notification 114/424 PTC [2855/2015]).

## အာမခံ ရပိုင်ခွင့်

**သင်သည် အာမခံလျှောက်ထားပိုင်ခွင့် ရှိသည်။** (ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၃၇၆ မှ ၃၇၈၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၉။ နိုင်ငံတကာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ် (ICCPR)၊ အပိုဒ် ၉။)

ရဲသည် ၂၄ နာရီထက်ပို၍ ဆက်လက်ချုပ်နှောင်ထားလိုလျှင် တရားသူကြီးတစ်ဦးထံမှ ခွင့်ပြုချက် ရရှိရမည်။

မည်သည့် ဆက်လက်ချုပ်နှောင်မှုအတွက်မဆို သင်သည် တရားခွင်၌ ရှိနေရမည်။

နောက်ထပ် စုံစမ်းစစ်ဆေးမှုလုပ်ဆောင်ရန် လိုအပ်သည့် အကြောင်းရင်းနှင့် စုံစမ်းစစ်ဆေးနေစဉ် ဆက်လက်ချုပ်နှောင်ထားရန် လိုအပ်သည့် အကြောင်းရင်းကို ရဲက တင်ပြရမည်။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ပုဒ်မ ၁၆၇။)

**သင်သည် အချုပ်အနှောင်ကာလတိုးခြင်းကို ကန့်ကွက်ပိုင်ခွင့် ရှိသည်။** (တရားရုံးများလက်စွဲ၊ အပိုဒ် ၄၀၃)

## Right to bail

**You have the right to request bail** (Constitution, Arts. 376-378; UDHR, Art. 9; ICCPR, Art. 9).

Police must get permission from a judge to extend detention beyond 24 hours.

You must be present in the court for any extension.

Police must show the judge why further investigation is necessary and why further detention is necessary (Code of Criminal Procedure, Art. 167).

**You have a right to oppose further detention** (Court Manual, para. 403).

## ဥပဒေ၏တန်းတူအကာအကွယ် ရပိုင်ခွင့်

သင်သည် မည်သည့် လိင်ဝိသေသ၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် နိုင်ငံသား ဖြစ်စေကာမူ ဥပဒေ၏ အကာအကွယ်ကို တန်းတူခံစားပိုင်ခွင့်ရှိသည်။ (ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၃၄၇။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ အပိုဒ် ၂ နှင့် ၇။)

## ဘာသာပြန်အကူအညီ ရပိုင်ခွင့်

**သင်သည် တရားခွင်တွင် ဘာသာပြန်အကူအညီ ရပိုင်ခွင့်ရှိသည်။** (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ပုဒ်မ ၃၆၁။ နိုင်ငံတကာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR) ၁၄(၃)(က))

**သင်သည် ထောင်/အချုပ် ကျနေစဉ်၌လည်း မျက်မမြင်စာ (သို့) လက်သင်္ကေတ ဘာသာစကားတို့အပါအဝင် ဘာသာပြန် အကူအညီ ရပိုင်ခွင့် ရှိသည်။** (ဥပဒေဆိုင်ရာအကူအညီပေးရေး ဥပဒေ ၂၀၁၇၊ ပုဒ်မ ၂၇။ နိုင်ငံတကာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR)၊ အပိုဒ် ၁၄(၃)(က)။

**သင်သည် ဖြောင့်ချက်များကို သင်နားလည်သည့် ဘာသာစကားဖြင့် ပြောပိုင်ခွင့်၊ သိပိုင်ခွင့် ရှိသည်။** (ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊ ပုဒ်မ ၃၆၄။ နိုင်ငံတကာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR)၊ အပိုဒ် ၁၄(၃)(က))

## Right to equal protection of the law

**You have the right to equal protection of the law regardless of your gender, ethnicity, religion, or citizenship** (Constitution, Art. 347; UDHR Art 2 and 7).

## Right to interpretation

**You have the right to interpretation in court** (Code of Criminal Procedure, Art 361; ICCPR Art 14(3)(a)).

**You have the right to interpretation when in custody, including by braille or sign language** (Legal Aid Law 2017, Art 27; ICCPR Art 14(3)(a)).

**You have the right to translated confessions** (Code of Criminal Procedure, Art 364; ICCPR Art 14(3)(a)).

# သင့်ရှေ့နေ၏ ရပိုင်ခွင့်များ

# Your lawyer's rights


CHANGE
အလိုမရှိ
NO
FREE EXPRESSION MYANMAR
လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ
တောင်ကြီး

## သင့်ရှေ့နေတွင်လည်း အရေးကြီးသော ရပိုင်ခွင့်များရှိသည်

**ရှေ့နေလိုက်ပိုင်ခွင့်** (တရားရုံးများလက်စွဲ ၁၉၉၉၊ အပိုဒ် ၃(၁)၊ အပိုင်း ၃(၄) –(၇)၊ ၇)။

**သင့်ကို ကိုယ်စားပြု၍ ကူညီပံ့ပိုးခွင့်** (တရားရုံးများလက်စွဲ၊ အတွဲ ၂ ၊အပိုဒ် ၄၅၅။)

**သက်သေခံချက်နှင့် လူသက်သေတို့ကို ကြားသိပိုင်ခွင့်** (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ပုဒ်မ ၃၅၃၊ ၃၆၀)။

**အမှုနှင့်ဆိုင်သော အကြောင်းခြင်းရာ(အချက်အလက်)များ နှင့် အစွမ်းကုန် ငြင်းဆိုချက်များကို သိရှိပိုင်ခွင့်** (ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ တာဝန်များ နှင့် အခွင့်အရေးများ၊ သတ္တမအကြိမ် ပုံနှိပ်ခြင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ တရားရုံးချုပ်ရှေ့နေများ ကောင်စီ၊ အပိုဒ် ၁၄၁)။

**ညွှန်ကြားချက်များ ရယူရန်နှင့် သက်ဆိုင်ရာ စာရွက်စာတမ်းများ လေ့လာနိုင်ရန် လုံလောက်သောအချိန် ရပိုင်ခွင့်** (တရားရုံးများလက်စွဲ၊ အတွဲ ၂၊ ပုဒ်မ ၄၅၇၊ နိုင်ငံတကာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR) ၊ အပိုဒ် ၁၄(၃)(ခ))။

**အမှုသည်နှင့် တွဲ၍ဖြစ်စေ၊ အမှုနှင့်တွဲ၍ ဖြစ်စေ မှတ်မိသွားစေရန် လူသိရှင်ကြား ထုတ်ဖော်ပြောဆိုခြင်း မခံရပိုင်ခွင့်။** (ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ ၃၅၇။ ကုလသမဂ္ဂ၏ ရှေ့နေများအခန်းကဏ္ဍဆိုင်ရာ အခြေခံမူဝါဒ ကြေညာစာတမ်း၊ မူဝါဒ ၁၈။)

## Your lawyer also has important rights

**Right to practice** (Courts Manual 1999, para. 3(1), Art. 3(4) – (7), 7).

**Right to provide you with representation** (Courts Manual, Vol. II, para. 455)

**Right to hear the evidence and the witnesses** (Code of Criminal Procedure, Art. 353 and 360).

**Right to know the facts of the case and argue vigorously** (Ethics of the Legal Practitioners Duties and Rights Seventh Edition, Union of Myanmar Bar Council, Art. 141).

**Right to sufficient time to receive instructions and study documents** (Courts Manual, Vol. II, Art. 457; ICCPR, Art. 14(3)(b)).

**Right not to be identified with you or your cause** (Constitution, Art. 375; UN Declaration on the Basic Principles on the Role of the Lawyer, Principle 18

# ဥပဒေအရ ကာကွယ်ခုခံမှုဆိုင်ရာ မဟာဗျူဟာများ

# Legal defence strategies


ခွင့်ပြုမိန့်
- - - - ဒို့အရေး
- - - - ဒို့အရေး
FREE EXPRESSION MYANMAR
လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ

## ကာကွယ်ခုခံမှု မဟာဗျူဟာတစ်ခု ဖန်တီးခြင်း

ဆန္ဒထုတ်ဖော်သူများမှာ ဒီမိုကရေစီနည်းမကျသော ဥပဒေများကို ရင်ဆိုင်ကြရသည်။ အချို့က ပိုမိုဆိုးရွားသော ထောင်ဒဏ်များကျခံရနိုင်သည်ကို သိသော်လည်း ၎င်းတို့ အမှု၏ ဒီမိုကရေစီနည်းအရ တရားဝင်မှုကို လူသိရှင်ကြား တိုက်ယူရန် ရွေးချယ်ကြသည်။ အခြားသူများမှာမူ ထောင်မှ လွတ်မြောက်ပြီး တဖန်ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်နိုင်ရန် ထောင်ဒဏ်လျှော့ကျစေမည့် မတူညီသောနည်းလမ်းများကို ရွေးချယ်ကြသည်။ ဤနည်းလမ်းနှစ်ခုလုံးမှာ ဥပဒေကြောင်းအရ တရားဝင်သော မဟာဗျူဟာများ ဖြစ်ကြသည်။ သင့်ရှေ့နေသည် ကာကွယ်ခုခံမှုဆိုင်ရာ မဟာဗျူဟာတစ်ခုကို ရေးဆွဲလိမ့်မည်။ ၎င်းတို့မှာ - (၁) ရနိုင်သမျှ အချက်အလက်အားလုံးကို သုံးသပ်မည်၊ (၂) ပြစ်မှု၏ မရှိမဖြစ်အရေးကြီးသော အင်္ဂါရပ် များကို ဆုံးဖြတ်ရန် ဥပဒေကို စစ်ဆေးမည်၊ (၃) သင့်အမှုနှင့်ဆိုင်သော အကြောင်းခြင်းရာ (အချက်အလက်)များကို စုံစမ်း စစ်ဆေးမည်၊ (၄) ဥပဒေအရာရှိ ထွက်ဆိုမည့်အရာများကို ကြိုတင်တွက်ဆမည်။ ဤအချက်တို့ကို အခြေခံ၍ သင့်အမှုနှင့်ပတ်သက်ပြီး သင့်ဘက်မှ ပျော့ကွက်ဟာကွက်များနှင့် တရားလိုဘက်မှ ပျော့ကွက်ဟာကွက်များကို သင့်ရှေ့နေက တွက်ဆဆုံးဖြတ်လိမ့်မည်။

သင်၏ ကာကွယ်ခုခံမှုမဟာဗျူဟာသည် - (၁) ဖြောင့်ချက်ပေးခြင်း ၊ (၂) မဟုတ်မှန်ကြောင်း ငြင်းဆိုခြင်း ၊ (၃) မှန်ကန်သော လုပ်ရပ်တစ်ခုအဖြစ် ဝန်ခံတင်ပြခြင်း၊ စသည့် သုံးခုအနက် တစ်ခုခု ဖြစ်ပေမည်။

## Creating a defence strategy

Protesters face deeply undemocratic laws. Some choose to publicly fight the legitimacy of their case, knowing that they may get worse sentences as a result. Others try different means to reduce the length of imprisonment so that they are free to protest again. These are both legitimate legal strategies.

Your lawyer will develop a defence strategy. They will:

1) Review all available information;
2) Check the law to determine the essential elements of the crime;
3) Investigate the facts of your case;
4) Predict what the prosecutor will say.

Based on this, your lawyer will decide the weaknesses in your case and the weaknesses in the prosecution. They will do this by looking at the evidence that supports you and the evidence that supports the prosecution.

Your defence strategy will be either: (1) Confession; (2) Denial; (3) Admit-and-justify.

## ဖြောင့်ချက်ပေးခြင်း

သင်သည် ဖြောင့်ချက် ပေးကောင်းပေးချင်လိမ့်မည်။ ထိုအတွက် ရဲတပ်ဖွဲ့ထံသွားရောက် အပြစ်ဝန်ခံနိုင်သလို တရား သူကြီး တစ်ယောက်ယောက်ရှေ့၌လည်း ဖြောင့်ချက်ပေးနိုင်သည်။

တရားသူကြီးထံတွင် ဖြောင့်ချက်ပေးမည်ဆိုပါက ရှေ့နေငှားရန် စဉ်းစားသင့်သည်။ မည်သည့်အပြစ်ဒဏ်ချသည် ဖြစ်စေ လျှော့ပေါ့ပေးရန်အတွက် မည်သို့ဖြောင့်ချက်ပေးရမည်ကို ရှေ့နေများက အကြံပေးနိုင်၍ ဖြစ်သည်။ ထို့အတူ ပြစ်မှု ပိုကြီးသွားအောင် အလွန်အကျွံထွက်ဆိုခြင်းဖြစ်စေ အခြားတစ်ယောက်ယောက်ကို ကိုယ့်အမှုတွင် ပါဝင်ပြီစွန်းသည်ဟု ဆွဲထည့်ခြင်းဖြစ်စေ မလုပ်မိရန် သတိထားဖို့လည်း လိုအပ်သည်။

သင်ဖြောင့်ချက်မပေးမီ တရားသူကြီးက အမှုအကြောင်းခြင်းရာများအပြင် အသုံးပြုသော ဥပဒေနှင့်ပတ်သက်၍ သင့်ကို ဖတ်ပြ၊ ရှင်းပြရမည်။ (A.I.R ၁၉၂၃ ရန်ကုန် ၁၃၂ Maung Sen; A.I.R ၁၉၃၁ Bombay ၁၉၅ (၁၉၆)) သင်သည် စွဲချက်တင်ခံထားရသည့် ပြစ်မှု၏ သဘောသဘာဝနှင့် အပြစ်ဝန်ခံခြင်း၏ နောက်ဆက်တွဲအကျိုးအပြစ်များကို သိထား ပြီးသားဖြစ်ရမည်။ (ဆရိုဆဝိမယ်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ဦးသိန်းမောင်)၊ ၁၉၅၄ မြန်မာနိုင်ငံတရားစီရင်ထုံးများ (ဗဟိုတရားရုံးချုပ်) ၃၃၁)။

## Confession

You may want to confess. You can do this by admitting guilt to the police or confessing to a judge. Lawyers advise against admitting guilt to the police.

If confessing to a judge, consider getting a lawyer because they can advise you on how to confess in order to reduce any sentence. Also, be careful not to over-confess to a greater crime or to implicate others.

A judge must explain the facts and the law to you before you confess (AIR 1923 Rangoon p132 Maung Sen; AIR 1931 Bombay p195 (196)). You must know the nature of the charges against you and the consequences of admitting guilt (Sri Sawarmal v. Union of Burma (U Thein Maung), 1954 BLR (HC) 331).

## မဟုတ်မှန်ကြောင်း ငြင်းဆိုခြင်း - မလုံလောက်သော သက်သေပြချက်

သင်သည် အပြစ်ရှိသည်ဟု သက်သေအထောက်အထား မခိုင်လုံမချင်း အပြစ်မရှိသူ ဖြစ်သည်။ သင်အပြစ်ရှိကြောင်း သက်သေခိုင်ခိုင်လုံလုံ ပြရမည်မှာ ဥပဒေအရာရှိ၏ အလုပ်ဖြစ်သည်။ ဥပဒေအရာရှိသည် အောက်ပါအချက်တို့ကို သက်သေခိုင်လုံအောင် တင်ပြရမည်ဖြစ်သည် - (၁) သင်သည် သင်၏ ကိုယ်ပိုင်ဆန္ဒအရ လွတ်လပ်စွာ လုပ်ဆောင်ခဲ့သည်၊ (၂) သင့်တွင် ပြစ်မှုကျူးလွန်လိုသည့် အကြံရှိသည်။ ထို့ပြင် ပြစ်မှုဆိုင်ရာပေါ့ဆမှု ရှိခဲ့သည်။ သင်သည် ပြစ်မှု ကျူးလွန်နိုင်ရန် လုံလောက်သည့် လုပ်ကိုင်နိုင်စွမ်း/ဗဟုသုတအသိ ရှိခဲ့သည်၊ (၃) သင့်လုပ်ရပ်ကြောင့် နောက်ဆုံးတွင် ထိခိုက်နာကျင်မှုတစ်ခုခု ဖြစ်ခဲ့သည်။ သင်သည် ထိုထိခိုက်မှုကို တိုက်ရိုက် ဖြစ်စေခဲ့သူ ဖြစ်သည်၊ (၄) သင်သည် ဥပဒေအရစည်းနှောင်ထားသော စောင့်ထိန်းရမည့်လုပ်ရပ်ကို လိုက်နာစောင့်ထိန်းရန် ပျက်ကွက်ခဲ့သည်၊

သင့်အနေဖြင့် ထိုသက်သေပြချက်များအကြား ကြောင်းကျိုးဆီလျော်စွာလက်ခံနိုင်လောက်သည့် သံသယများ ဖော်ထုတ်ဖန်တီးရန်လိုအပ်သည်။ သက်သေအထောက်အထားမခိုင်လုံပါက သင်သည် တရားရုံးအား သင့်ထံတွင် အပြစ်မရှိကြောင်း စီရင်ချက်ချပေးရန် ဖြစ်စေ အမှုကို ပလပ်လိုက်ရန် ဖြစ်စေ လျှောက်ထားနိုင်သည်။

## Denial: insufficient proof

You are innocent until proven guilty. It is the prosecutor's job to prove you guilty. The prosecutor must show sufficient proof that:

1. You acted according to your own free will.
2. You had criminal intent. You were criminally negligent. You had the specific skill/knowledge necessary to commit the crime.
3. Your act resulted in the ultimate harm. You directly caused it.
4. You failed a legal obligation.

You need to create a reasonable doubt in the evidence for these. If there is insufficient proof then you can request that the court either judges you innocent or dismisses the charges.

## မှန်ကန်သောလုပ်ရပ်တစ်ခုအဖြစ် နံခံတင်ပြခြင်း၊ အပြစ်မရှိကြောင်း ကာကွယ်ခုခံခြင်း

သက်သေအထောက်အထား ခိုင်လုံလွန်းသောကြောင့် ငြင်းချက်မထုတ်နိုင်ပါက သင့်အနေဖြင့် မိမိ၏ လုပ်ရပ်သည် မှန်ကန်သောလုပ်ရပ်ဖြစ်ကြောင်း သက်သေပြနိုင်သလို ဥပဒေအရကာကွယ်ခုခံမှု နောက်တစ်မျိုးကို အသုံးပြုနိုင်သည်။ သင့်ထံတွင် အပြစ်မရှိကြောင်းကို သင်ကိုယ်တိုင်လည်း သက်သေပြနိုင်သည်။ ထိုသို့သက်သေပြရာတွင်

(၁) သက်သေ တစ်ဦး၏ အလီဘိုင်ယူခြင်း (၂) ပြစ်မှုမဖြစ်ခဲ့ကြောင်း သက်သေပြခြင်း (၃) ပစ္စည်းသက်သေအထောက်အထားသည် အားနည်းကြောင်း ထုတ်ဖော်ပြောကြားခြင်း (၄) အခြားသူများတွင်လည်း ထိုလုပ်ရပ်(ပြစ်မှု)ကို ကျူးလွန်ရန် တူညီသော အခွင့်အရေးရှိခဲ့သည့်အတွက် သင့်အစား ထိုသူများတွင် အပြစ်ရှိကောင်း ရှိနိုင်ကြောင်း ပြသခြင်း စသည်တို့ ပါဝင်သည်။

သင်သည် မိမိ၏လုပ်ရပ်မှာ တရားမျှတမှန်ကန်ကြောင်းနှင့် ထိုအတွက် တရားဥပဒေအရ တာဝန်ယူ၊ တာဝန်ခံစရာ မလိုကြောင်း သက်သေပြနိုင်သည်။ "ကျွန်တော်/မ အဲဒါကို လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ..."။ သင်လုပ်ရမည်မှာ သင်လုပ် ခဲ့သော လုပ်ရပ်သည် လူမှုစံနှုန်းများအရဖြစ်စေ၊ ကိုယ်ကျင့်တရားအရဖြစ်စေ လူအများ လက်ခံထားသော အရာ ဖြစ်ကြောင်း ပြရန်ဖြစ်သည်။

## Admit-and-justify: exculpatory defence

If you cannot deny the act because there is overwhelming evidence, you can prove that the act was justified or use another legal defence.

You can prove yourself innocent. This includes:

1) Using a witness alibi;
2) Proving that crime did not happen;
3) Demonstrating that material evidence is weak;
4) Showing that others had the same opportunity to commit the crime and may be guilty instead of you.

You can prove your act was justified and that you bear no legal responsibility for it. “I did it, but…”. You must show that your act was socially accepted or morally principled.

## ပြစ်ဒဏ်လျှော့ပေါ့ပေးနိုင်သော အခြေအနေများ

ကာကွယ်ခုခံမှုမဟာဗျူဟာကို ထည့်မတွက်ပါက ပြစ်ဒဏ်လျှော့ပေါ့ပေးစေရန်အတွက် လျှော့ပေါ့သက်ညှာပေး နိုင်သော အခြေအနေများကို ထုတ်ပြနိုင်သေးသည်။

လျှော့ပေါ့သက်ညှာပေးနိုင်သော ယေဘုယျ အခြေအနေများတွင် အောက်ပါတို့ ပါဝင်သည် -

- နောက်ကြောင်းပြစ်မှုမှတ်တမ်း ကင်းရှင်းခြင်း
- နောင်တရပြီး မိမိကိုယ်ကို ပြန်လည်သုံးသပ်စစ်ဆေးမိခြင်း (ဤနည်းလမ်းသည် ဥပဒေဗျူဟာတစ်ရပ်ဖြစ်ပြီး၊ အချို့မှာ ယခုနည်းလမ်းကို အသုံးပြုရန် စိတ်သက်သောင့်သက်သာရှိလိမ့်မည် မဟုတ်သည်ကို သတိပြုပါ။)
- ကျူးလွန်ခံရသူကို နစ်နာကြေးပေးအပ်ပြီးသား ဖြစ်ခြင်း
- သက်ကြီးရွယ်အိုနှင့် သားသမီးငယ်များကို စောင့်ရှောက်နေရသည့် တာဝန်ရှိခြင်း
- ငယ်ငယ်ရွယ်ရွယ်နှင့် ရုန်းကန်ရခြင်း သို့မဟုတ် ကြီးမားသော အခက်အခဲများ ရှိခြင်း
- အလုပ်အတွေ့အကြုံကောင်း ရှိခြင်း
- ပညာရေးနောက်ကြောင်း ကောင်းခြင်း
- လူ့အဖွဲ့အစည်းအတွက် ကြီးမားသော အကျိုးပြုမှုများ ရှိခြင်း

## Mitigating circumstances

Regardless of your defence strategy, you can still show mitigating circumstances in order to reduce any sentence.

Common mitigating circumstances include:

- No criminal record
- Remorse and self-examination (Note that this is simply a legal tactic which some may not feel comfortable using)
- Compensation given to a victim
- Care responsibilities for elderly or children
- Difficult childhood or great hardships
- Good work experience
- Good educational background
- Significant contributions to society.

# FEM မိတ်ဆက်

# About FEM



သပိတ်စခန်း
သိမ်းဆည်းပစ္စည်းများ
မသိ
FREE EXPRESSION MYANMAR
လွတ်လပ်သော ထုတ်ဖော်ပြောဆိုခွင့် မြန်မာ

လွတ်လပ်သောထုတ်ဖော်ပြောဆိုခြင်း(မြန်မာ) [Free Expression Myanmar (FEM)] သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် လွတ်လပ်ခွင့်အရေးတွင် နှံ့စပ်သော၊ ဥပဒေပြုပြင်ပြောင်း လဲရေးတွင် ပါဝင်ဆောင်ရွက်နေသော၊ ဥပဒေချိုးဖောက်ခံရသူများကို ကာကွယ်နေသော၊ ထို့အပြင် အကောင်းဆုံး နိုင်ငံတကာ အလေ့အထကောင်းများကို အလေးဂရုပြုလာအောင် လုပ်ဆောင်နေသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ဤအစီရင်ခံစာသည် လိုအပ်နေသည့် သင့်လျော်သော ပြုပြင်ပြောင်းလဲမှုများ အလေးထားဂရုပြုလာရန် FEM ၏ ရည်ရွယ်ချက် တစိတ်တစ်ပိုင်းဖြစ်ပါသည်။

- www.FreeExpressionMyanmar.org
- www.facebook.com/FreeExpressionMyanmar
- coordinator@FreeExpressionMyanmar.org

တို့တွင် ကျေးဇူးပြု၍ ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

Free Expression Myanmar (FEM) is a national human rights organisation that is expert in free expression and information, engaging in legal reform, defending victims of violations, and promoting best international standards.

This report forms part of FEM's objective to promote appropriate and needed reforms. See:

- www.FreeExpressionMyanmar.org
- www.facebook.com/FreeExpressionMyanmar
- coordinator@FreeExpressionMyanmar.org

## ကျေးဇူးတင် အသိအမှတ်ပြုခြင်း

ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက် သုတေသနလုပ်ငန်းတွင် ပါဝင်ခဲ့သူအားလုံးကို FEM မှ ကျေးဇူး တင်ကြောင်း ပြောကြားလိုပါသည်။ ဤသုတေသနသည် Creative Commons Share Alike လိုင်စင်အရ လွတ်လပ်သောထုတ်ဖော်ပြောဆိုခြင်း(မြန်မာ) [Free Expression Myanmar (FEM)]၏ မူပိုင်ခွင့် ရှိပါသည်။ဤလိုင်စင်အရ FEM ကို အသိအမှတ်ပြုဖော်ပြပြီး၊ သင်၏ အသစ်ဖန်တီးမှုများအား တူညီသော စည်းမျဉ်းဖြင့် လိုင်စင်ပြုလုပ်ထားလျှင် ဤစာတမ်းအား စီးပွားရေးအရ မဟုတ် သည့်ပြန်လည်ထုတ်ဝေခြင်း၊ အနည်းငယ်ပြုပြင်ပြောင်းလဲခြင်းတို့ပြုလုပ်နိုင်ကာ၊ စီးပွားရေးအရမဟုတ်သည့် သင့်လုပ်ငန်း (စာအုပ်၊စာတမ်း စသည်တို့) တွင် ထည့်သွင်းအသုံးပြုနိုင်ပါသည်။

## Acknowledgements

The report is copyrighted under a Creative Commons Attribution-NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

# ပံ့ပိုးကူညီမှု

ဤသုတေသနအတွက် ပံပိုးထောက်ပံ့ပေးသော Lifeline အား ဖဲ(မ်)မှ အထူးကျေးဇူးတင်ရှိပါသည်။ Lifeline Embattled CSO Assistance Fund အဖွဲ့သည် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်ခြင်းကို တွန်းလှန်ရန် ရည်ရွယ်ပြီး အစိုးရ (၁၉) ဖွဲ့မှထောက်ပံ့ပေးထားသည့် အပြည်ပြည်ဆိုင်ရာအစိုးရ မဟုတ်သော အဖွဲ့အစည်း (၇) ခုဖြင့် ဖွဲ့စည်းထားသည်။

FEM အနေဖြင့် ဤစီမံကိန်းအတွက် ကူညီပေးခဲ့သော Pen America, the US State Department Bureau of Democracy၊ Human Rights and Labor နှင့် ပံ့ပိုးပေးခဲ့သော အမေရိကန်နိုင်ငံသားများအား အထူးကျေးဇူးတင်ရှိပါသည်။

ထို့အပြင် International Bridges to Justice နှင့် British Council ကိုလည်း ၎င်းတို့၏ အသုံးဝင်သော ရာဇဝတ်မှုဆိုင်ရာ ခုခံကာကွယ်မှုများလက်စွဲ အတွက်လည်း ကျေးဇူးအထူးတင်ရှိပါသည်။

## Support

FEM would like to thank Lifeline for their generous support to this project. The Lifeline Embattled CSO Assistance Fund is a consortium of seven international non-governmental organisations supported by 19 governments that aim to push back against civic space threats: www.csolifeline.org

FEM would also like to thank Pen America, the US State Department Bureau of Democracy, Human Rights, and Labor, and the American people for their support for this project.

FEM would like to thank International Bridges to Justice and the British Council for their useful manuals on criminal defence.


HACK...
ASUS
Incorrect password
ဟယ်လို...ဟယ်လို..
ဆိုင်းကျနေတာလား...

"မြန်မာ့ ဆန္ဒထုတ်ဖော်သူများ လက်စွဲ"စာအုပ်တွင် ပြည်သူများ ၎င်းတို့၏ ဆန္ဒထုတ်ဖော်ခွင့်ကို လွတ်လပ်စွာ ကျင့်သုံး နိုင်ရန်အတွက် လိုအပ်သောဗဟုသုတများကို ဖော်ပြထားသည်။

ဤလက်စွဲစာအုပ်တွင် (၁) သက်ဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်းဥပဒေများ (၂) မြန်မာနိုင်ငံတွင်း ဖြစ်ပေါ်နေသည့် လားရာလမ်းကြောင်းများ (၃) ထိန်းသိမ်း၊ ဖမ်းဆီး၊ စွဲချက်တင် ခံရသည့်အချိန်များတွင် သင်၏ ရပိုင်ခွင့်များနှင့် ရွေးချယ်ခွင့်များ စသည်တို့နှင့် ပတ်သက်သော လမ်းညွှန်ချက်များကိုလည်း ထည့်သွင်းရေးသားထားသည်။

**The Myanmar Protesters' Toolkit empowers people with the knowledge necessary to freely exercise their right to protest.**

**The Toolkit includes guidance on: 1) relevant international and national laws; 2) trends in Myanmar; 3) your rights and options when detained, arrested, or charged.**

FREE EXPRESSION MYANMAR
လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ